EVERY FRIDAY

# မြစ်ကြီးနားသတင်း ဂျာနယ်

၂၀၁၄ မတ် ၂၉ တွင် စတင်ထုတ်ဝေသည်

www.myitkyinanewsjournal.com

http://www.facebook.com/
myitkyinanewsjournal.mm

အတွဲ (၅)၊ အမှတ် (၂၁) "ကချင်ပြည်နယ်၏ ပထမဦးဆုံး လွတ်လပ်သော သတင်းစာ" (ဇွန် ၂၂ - ဇွန် ၂၈၊ ၂၀၁၈)



## မိုးကောင်းမြို့တွင် အနိမ့်ပိုင်းရပ်ကွက်အချို့ရေလျှံ

ဓါတ်ပုံ - ဆိုင်းလတ်အောင်

စာ - ၄ သို့ »

## အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တိုက်ဖျက်ရေးနေ့တွင် ဒေါ်နန်စင်မိခင် ဝမ်းနည်းစကားပြော

စာ - ၁၈ သို့ »



## အနာဂတ် ဧရာဝတီမြစ်ရဲ့ ကံကြမ္မာ Photo Essay

စာ - ၂သို့ »



## စစ်ရှောင်ပြည်သူတွေကို ထောက်ပံ့နေတဲ့ ဒေါ်လဖိုင်နန်ပရီနှင့်တွေ့ဆုံခြင်း

စာ - ၁၇ သို့ »

# ကချင်လူငယ်အဖွဲ့က ရန်ကုန်ရှိ မြန်မာနိုင်ငံဆိုင်ရာသံရုံးများသို့ သွားရောက်တွေ့ဆုံ

စာ - ၃ သို့ »

## မြစ်ကြီးနားဆေးရုံကြီးတွင် ကျောက်ကပ်များ ဆေးကြောပေးနိုင်တော့မည်

စာ - ၆ သို့ »

## နမ္မတီးမြို့ အေဂျီအသင်းတော်တွင်ခိုလှုံနေသော ကဆုန့်စစ်ဘေးရှောင် ပြည်သူများ အရေးပေါ် အကူအညီလိုအပ်နေ

စာ - ၁၆ သို့ »

## မိုးညှင်းအကျဉ်းထောင်နှင့် အချုပ်ခန်းတို့တွင် လူ့အခွင့်အရေးချိုးဖေါက်မှုမရှိဟု လူ့အခွင့်အရေးကော်မရှင်ပြောဆို

စာ - ၁၄ သို့ »

## နမ္မတီးရောက် ကဆုန့်စစ်ရှောင်များ ရွာတွင်ကျန်ခဲ့သော ပိုင်ဆိုင်မှုများ ပျောက်ဆုံး

စာ - ၁၆ သို့ »

မြစ်ကြီးနားသတင်းဂျာနယ်
( ဇွန် ၂၂ - ဇွန် ၂၈ ၊ ၂၀၁၈ )

# အနာဂတ် ဧရာဝတီမြစ်ရဲ့ကံကြမ္မာ

**Zau Ring Hpra**

မြစ်ကြီးနား မြို့ပေါ်ရပ်ကွက်များတွင် စည်ပင်သာယာအဖွဲ့မှ အမှိုက်စွန့်ပစ်ရန် နေရာသတ်မှတ်ပေးထားသော်လည်း အချို့ပြည်သူများမှာ စည်းကမ်းမဲ့အမှိုက်များစွန့်ပစ်နေကြသည်။ မြစ်ကြီးနားမြို့ပေါ်ရပ်ကွက်များကို ဖြတ်သန်းသွားသော ဧရာဝတီမြစ်ကမ်းဘေးတစ်လျှောက်တွင် စည်ပင်မှ အမှိုက်ပစ်ခြင်းကို အသိပေးဆိုင်းဘုတ်များဖြင့် တားမြစ်ထားသော်လည်း စည်းကမ်းမဲ့အမှိုက်စွန့်ပစ်နေမှုကို တွေ့ရသည်။

ယင်းအမှိုက်ပုံများကြောင့် မြစ်ကြီးနားမြို့၏အလှကို ရုပ်ဆိုးစေသကဲ့သို့ ရေထုညစ်ညမ်းခြင်းများလည်း ဖြစ်ပေါ်နေကြောင်း ပြည်သူများက ပြောသည်။ လက်ရှိကာလသည် မိုးတွင်းကာလဖြစ်သောကြောင့် စည်းကမ်းမဲ့စွန့်ပစ်ထားသော အမှိုက်များသည် ရေစီးကြောင်းများနှင့်အတူ မြစ်ထဲစီးဝင်နေသကဲ့သို့ မြစ်ကမ်းဘေးတွင် စည်းကမ်းမဲ့လာရောက်စွန့်ပစ်ထားသော အမှိုက်ပုံများသည် ဧရာဝတီမြစ်ရေတက်လာချိန်တွင် မြစ်ရေနှင့်အတူ မျောပါသွားသည်ကို တွေ့ရှိနေရသည်။

"မြစ်ဘေးကအမှိုက်တွေကို အခြေအနေကြည့်ပြီး တော်တော်လေးဆိုးလာမှ လိုက်ကျုံးဖြစ်တာပါ တစ်ခါတလေတော့ NGO အဖွဲ့အစည်း၊ ဌာနဆိုင်ရာ အဖွဲ့အစည်းတွေနဲ့ စုပေါင်းသန့်ရှင်းရေးလုပ်ကြပါတယ်။ ဒါပေမယ့်ဘယ်လောက်ပဲလုပ်လုပ် အိတ်ပေါက်နဲ့ဖားကောက်သလို အစ်ကိုတို့က ဘယ်လောက်ကောက်ကောက် နောက်ရက်တွေကျတော့ ပြန်ပစ်တာပါပဲ"ဟု မြစ်ကြီးနားမြို့ စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးဝင်းနိုင်က ပြောသည်။

မြစ်ကမ်းဘေးရှိ အမှိုက်ပုံများကို ရှင်းလင်းရန် လုံလောက်သော လူအင်အားနှင့် စက်ယန္တရားများမပြည့်စုံခြင်း၊ သီးသန့်ခန့်ထားသော ဝန်ထမ်းများမရှိခြင်း၊ မြို့တွင်းသန့်ရှင်းရေးကိုသာ နေ့စဉ်နှင့်အမျှအဓိကလုပ်ဆောင်နေရခြင်းကြောင့် မြစ်ကမ်းဘေးရှိ အမှိုက်များအားနေ့စဉ် သိမ်းကျုံးရန်အခက်အခဲများ ရှိနေကြောင်း ယင်းကဆက်လက်ပြောသည်။

၂၀၁၄သန်းခေါင်စာရင်းအရ လူဦးရေ ၃ သိန်းကျော်နေထိုင်သော မြစ်ကြီးနားမြို့တွင် နေ့စဉ် အမှိုက်တန်ချိန် ၁၂၀ မှ ၁၅၀ အကြားအထိ ထွက်ရှိနေပြီး စည်ပင်သာယာဝန်ထမ်း ၁၀၀ ကျော်မှ အမှိုက်သိမ်းယာဉ် ၁၁ စီးဖြင့် သန့်ရှင်းရေး လုပ်ဆောင်နေကြသည်။







စီတာပူ ဂျပန်တံတားရှိ အင်ဂျန်းချောင်းတွင် စည်းကမ်းမဲ့စွန့်ပစ်ထားသောအမှိုက်များ၊ အဆိုပါချောင်းသည် ဧရာဝတီမြစ်အတွင်းစီးဆင်းသော ချောင်းဖြစ်သည်။



စည်ပင်အမှိုက်ကားပေါ်တွင် အမှိုက်လာပစ်သောပြည်သူတစ်ဦး



ပြည်သူများ အမှိုက်ကို စနစ်တကျ မစွန့်ပစ်ကြောင်း စည်ပင်ဝန်ထမ်းတစ်ဦးက ရှင်းပြနေပုံ



မြစ်ကြီးနားမြို့၊ မနောင်ကွင်းအနီးရှိ ဧရာဝတီမြစ် ဝါးဆိပ်တွင် စည်းကမ်းမဲ့ [illegible] အမှိုက်များ



မြစ်ကြီးနားမြို့ပေါ်က အမှိုက်များကို နန်ကျင် ကျေးရွာအနီးရှိအမှိုက်ပုံတွင်စွန့်ပစ်ထားပုံ



မြစ်ကြီးနားမြို့၊ မနောင်ကွင်းအနီးရှိ ဧရာဝတီမြစ် ဝါးဆိပ်တွင် စည်းကမ်းမဲ့ စွန့်ပစ်ထားသော အမှိုက်များ



ဧရာဝတီမြစ် [illegible] ဆယ်ယူနေကြပုံ



မြစ်ကြီးနားမြို့၊ ကချင်စုရပ်ကွက်ရှိ ဧရာဝတီမြစ်ကမ်းနံဘေးတွင် စည်းကမ်းမဲ့ စွန့်ပစ်ထားသောအမှိုက်များ




မြစ်ကြီးနားမြို့၊ ကချင်စုရပ်ကွက်ရှိ ဧရာဝတီမြစ်ကမ်းနံဘေးတွင် စည်းကမ်းမဲ့ စွန့်ပစ်ထားသောအမှိုက်များ







မြစ်ကြီးနားမြို့တွင် ပြည်သူများအနေဖြင့် ကုန်ပစ္စည်းများ ဝယ်ယူရာတွင် ပလတ်စတစ်အိတ်များကိုသာ အဓိကသုံးစွဲနေကြပါသည်။

# ကချင်လူငယ်အဖွဲ့က ရန်ကုန်ရှိ မြန်မာနိုင်ငံဆိုင်ရာသံရုံးများသို့ သွားရောက်တွေ့ဆုံ



ဥရောပသမဂ္ဂ(EU)



အမေရိကန်ပြည်ထောင်စု သံအမတ်



နယူးဇီလန် သံအမတ်




တရုတ်သံအမတ်

မြစ်ကြီးနား၊ ဇွန် ၁၉

မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးတည်ဆောက်နေချိန်တွင် မြန်မာ့တပ်မတော်မှ ထိုးစစ်ဆင်မှုကြောင့် ကချင်ပြည်နယ်အတွင်း စစ်ရှောင်ပြည်သူများ တိုးများလာခြင်းအပေါ် ကချင်လူငယ်အဖွဲ့က နိုင်ငံတကာသံအမတ်များနှင့် ဇွန်လဒုတိယအပတ်က သွားရောက်တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ယခုကဲ့သို့ စစ်ရှောင်တိုးများလာသည်နှင့်အမျှ လူသားချင်းစာနာထောက်ထားမှုအကူအညီအခက်အခဲ များစွာကြုံတွေ့ခဲ့ရပုံတို့ကို တင်ပြဆွေးနွေးခဲ့ကြောင်း ကချင်လူငယ်အဖွဲ့မှ ကိုလွမ်းဇောင်းက ပြောသည်။

ကချင်လူငယ်အဖွဲ့သည် အမေရိကန်ပြည်ထောင်စု၊ ဥရောပသမဂ္ဂ(EU)၊ တရုတ်၊ ဖင်လန်၊ နယူးဇီလန်၊ ဆွီဒင်၊ ပြင်သစ်နိုင်ငံများမှ သံအမတ်များနှင့် တွေ့ဆုံခဲ့ကြကြောင်း သိရသည်။

"ငြိမ်းချမ်းရေးဖြစ်စဉ်တည်ဆောက်နေတဲ့အချိန်မှာ မြန်မာ့တပ်မတော်က ပြင်းထန်တဲ့ ထိုးစစ်ဆင်မှုတွေကြောင့် ကချင်ပြည်နယ် နေရာဒေသအနှံ့အပြားမှာ ပြည်သူတွေ ပိတ်မိခံပြီးမှ လူသားချင်းစာနာထောက်ထားမှု အကူအညီအခက်အခဲတွေအများကြီးကြုံတွေ့ခဲ့ရတဲ့အတွက်ကြောင့်မို့ စစ်ရှောင်ဒုက္ခသည်တွေလည်း တိုးများလာတဲ့အတွက် ဒီအပေါ်မှာ သံတမန်ရေးရာအရ မြန်မာနိုင်ငံအစိုးရကို ပြောဆိုဆွေးနွေးပေးဖို့ ပြောဆိုတာပေါ့"ဟုကိုလွမ်းဇောင်းကပြောသည်။

ထို့အပြင် တိုက်ပွဲများကြောင့် ပိတ်မိခဲ့သည့်စစ်ရှောင်ပြည်သူများ လွတ်မြောက်လာရေးအတွက် ဆန္ဒပြလှုပ်ရှားကြသည့် ကချင်လူငယ်အဖွဲ့နှင့် အခြားတိုင်းနှင့်ပြည်နယ်များမှ ပြည်သူများကို ပုဒ်မအမျိုးမျိုးဖြင့် တရားစွဲဆိုထားခြင်းများအပေါ် ပလပ်ပေးရေး အစိုးရထံတောင်းဆိုပေးရန်လည်း ပြောဆိုခဲ့ကြကြောင်း သိရသည်။

"လူငယ်တွေကိုလည်း အစိုးရကနေ တရားစွဲဆိုပြီး ဖိအားပေးတဲ့ပုံစံနဲ့ လုပ်ဆောင်မှုတွေက ငြိမ်းချမ်းရေးဖြစ်စဉ်အတွက်အင်မတန်မှမကောင်းတဲ့လက္ခဏာ ဖြစ်တဲ့အတွက်ကြောင့်မို့ ပြည်သူတွေ ဒီငြိမ်းချမ်းရေး ဖြစ်စဉ်အပေါ်မှာ ပါဝင်ဖို့အတွက် အခွင့်အလမ်းကို ပိတ်ပင်တဲ့ပုံစံ ဖြစ်နေတယ်။ ငြိမ်းချမ်းရေးလှုပ်ရှားတဲ့ ပိတ်မိ ပြည်သူတွေလွတ်မြောက်ဖို့အတွက်လှုပ်ရှားလို့တရားစွဲဆိုခံထားရတဲ့ လူတွေကိုအမြန်ဆုံးလွှတ်ပေးဖို့ ဝိုင်းဝန်းပြီး ပြောဆိုတာတွေရှိတယ်"ဟု ကိုလွမ်းဇောင်းက ထပ်မံပြောဆိုသည်။

ထို့အပြင် နိုင်ငံတကာသံအမတ်များနှင့်တွေ့ဆုံစဉ် နေပြည်တော်တွင် အမျိုးသားမဟာဗျူဟာစီမံကိန်းဖြင့် စစ်ရှောင်စခန်းများကို တစ်နေရာတည်းတွင် သတ်မှတ်လုပ်ဆောင်လာမည့် ဆွေးနွေးမှုကိုလည်း ဒေသခံစစ်ရှောင်ပြည်သူများ၏ အသံ၊ စစ်ရှောင်အရေးလုပ်ဆောင်နေသည့် အရပ်ဘက်အဖွဲ့အစည်း၊ဘာသာရေးအဖွဲ့အစည်းများအား ဆွေးနွေးမှုမပြုလုပ်ဘဲ လုပ်ဆောင်နေခြင်းကို ကန့်ကွက်ကြောင်းလည်း ဆွေးနွေးခဲ့သည်ဟု ၎င်းကပြောသည်။

"Camp Closure လို့ပြောတယ်။ Return ဆိုပြီး မပြောဘူး။ ပြန်လည်ပို့ဆောင်ဖို့အတွက်မဟုတ်ဘူး၊ သူတို့ကတော့ camp closure ပုံစံနဲ့ ပြောတာပေါ့။ လုပ်ဆောင်တဲ့အချိန်မှာ ဒေသခံပြည်သူတွေကို ဘာမှ ဆွေးနွေးတိုင်ပင်မှု တစ်ခုမှမရှိဘဲနဲ့ နစ်နာတဲ့ပြည်သူတွေ၊ စစ်ဘေးသင့်တဲ့ပြည်သူတွေ သူတို့ကို ကူညီနေတဲ့ အရပ်ဘက်အဖွဲ့အစည်းတွေကိုသော်လည်းကောင်း အားလုံးကို ဆွေးနွေးညှိနှိုင်းတိုင်ပင်မှု ပထမဆုံးမလုပ်ဘဲနဲ့ နေပြည်တော်မှာ ဗဟိုအစိုးရကနေပြီးတော့ ဒီလိုမျိုး တစ်ဖက်သတ်ပုံစံ သတင်းမီဒီယာတွေ အစိုးရအသိုင်းအဝိုင်းတွေနဲ့ အမျိုးသား မဟာဗျူဟာစီမံကိန်းဆိုပြီးမှ လုပ်ဆောင်လာတဲ့အပေါ်မှာ ဒေသခံတွေ ငြိမ်းချမ်းရေးလှုပ်ရှားတဲ့ လူငယ်တွေအနေနဲ့ ရှင်းလင်းမှုမရှိတဲ့အတွက် ကန့်ကွက်တယ်"ဟု ကိုလွမ်းဇောင်းကပြောသည်။

မိမိတို့အနေဖြင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလမ်းစဉ်တွင် ပြည်သူများ၊ လူငယ်များအားလုံး ပူးပေါင်းပါဝင်ကာ အတူတကွ တည်ဆောက်နိုင်ရန်၊ နိုင်ငံတော်အစိုးရအနေဖြင့် ငြိမ်းချမ်းရေးလှုပ်ရှားသူများအား နှိပ်ကွပ်သည့်ပုံစံ မပြုလုပ်ရန်၊ ပြည်သူများ၏အခြေခံအခွင့်အရေးဖြစ်သည့် လွတ်လပ်စွာ ပြည်သူတစ်ဦး၏ ဆန္ဒထုတ်ဖော်မှုများကို တားမြစ်နှိပ်ကွပ်ခြင်း မပြုလုပ်ရန်နှင့် လူသားချင်း စာနာထောက်ထားမှု အကူအညီ အပြည့်အဝရရှိရန်တို့ကို နိုင်ငံတကာကသော်လည်းကောင်း သံတမန်အသိုင်းအဝိုင်းက သော်လည်းကောင်း ကူညီပေးရန် အဓိကထား ဆွေးနွေးတောင်းဆိုခဲ့ကြောင်းလည်း ကိုလွမ်းဇောင်းက ပြောဆိုသည်။

ကချင်လူငယ်ထုအဖွဲ့၏ တောင်းဆိုဆွေးနွေးမှုများကို နိုင်ငံတကာ သံအမတ်များက လိုလိုလားလား ကြိုဆိုဧည့်ခံကြောင်း၊ လူငယ်များအနေဖြင့် ငြိမ်းချမ်းရေးအတွက် လူသားချင်းစာနာထောက်မှုများအတွက် လုပ်ဆောင်ခြင်းများကို များစွာ အသိအမှတ်ပြုကြောင်း ပြန်လည်ပြောကြားခဲ့သည်ဟု သိရသည်။

"မြန်မာနိုင်ငံအတွင်းမှာ ငြိမ်းချမ်းရေးအတွက် အားကြိုးမာန်တက်လုပ်ဆောင်နေကြတဲ့ အခုလိုရဲရင့်တဲ့ လူငယ်ခေါင်းဆောင်တွေနဲ့ တွေ့ဆုံရတာ ဂုဏ်ယူပါတယ်"ဟု တွေ့ဆုံမှုအပြီးတွင် သံအမတ်ကြီး မာစီရယ်လ်က ပြောကြားခဲ့ကြောင်း U.SEmbassyRangoon လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားဖော်ပြထားသည်။

လူငယ်များ၏တောင်းဆိုမှုများကိုလည်း ကောင်းကောင်းမွန်မွန် လုပ်ဆောင်သွားမည်ဖြစ်ပြီး နိုင်ငံတော်အစိုးရနှင့် ပတ်သက်သည်များကိုလည်း တတ်နိုင်သည့်လမ်းကြောင်းဖြင့် ကူညီဆောင်ရွက်သွားမည်ဖြစ်ကာ တရားစွဲဆိုခံထားရသူအားလုံးနှင့် မိမိတို့အတူရှိနေကြောင်း၊ စောင့်ကြည့်မှုများလည်း ပြုလုပ်နေကြောင်း ဆွေးနွေး တောင်းဆိုမှုများအပေါ် သံအမတ်များက ပြန်လည်တုံ့ပြန်ခဲ့သည်ဟု သိရသည်။

ရန်ကုန်မြို့ရှိသံအမတ်များသို့ သွားရောက်တွေ့ဆုံမှုများကို ဇွန်လ ၇ ရက်နှင့် ၈ ရက်နေ့က ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ကချင်လူငယ်အဖွဲ့အပြင် ရန်ကုန်မှ တရားစွဲဆိုခံထားရသည့် လူငယ်အချို့နှင့် ပိတ်မိစစ်ရှောင်ပြည်သူတို့လည်းပါဝင်ကြောင်း သိရသည်။

Salai



# အတက်မြန် အကျနှေး၊ စက်သုံးဆီဈေး



ဇွန် ၁၉

ကမ္ဘာ့ရေနံဈေးနှုန်းနှင့် ဒေါ်လာဈေးနှုန်းများ မြင့်တက်လာသည်နှင့်အမျှ မြန်မာ့စက်သုံးဆီဈေးနှုန်းများလည်း အမြင့်ဆုံးအခြေအနေထိ ရောက်ရှိလာပြီး လက်ရှိအချိန်တွင် ကချင်ပြည်နယ်၏ ဓာတ်ဆီဈေးနှုန်းမှာ တစ်လီတာ လျှင် ကျပ် ၉၅၀ ဝန်းကျင် အထိ မြင့်တက်နေသည်။

သကြ်န်မတိုင်ခင် ဈေးမတက်မီက တစ်လီတာလျှင် ကျပ် ၈၅၀ ဝန်းကျင်ခန့်ရှိခဲ့ပြီး မေလအကုန်မှစတင်ကာ ကျပ် ၉၅၀ မှ ကျပ် ၁၀၅၀ အထိ မြင့်တက်ခဲ့သည်။

ကမ္ဘာ့ရေနံစိမ်းဈေးများသည် ၂၀၁၇ ခုနှစ် အောက်တိုဘာလမှစတင် မြင့်တက်ခဲ့ပြီး အောက်တိုဘာလတွင် ၅၁ ဒေါ်လာပေါက်ဈေးမှ ၂၀၁၈ ဇန်နဝါရီလတွင် ၆၁ ဒေါ်လာ၊ ဖေဖော်ဝါရီလတွင် ၆၄ ဒေါ်လာ၊ ဧပြီလအကုန်တွင်၆၈ဒေါ်လာ၊ မေလလယ်ပိုင်းတွင် ၇၁ ဒေါ်လာအထိ မြင့်တက်လာခဲ့ပြီး ဈေးကွက်ပိတ်ချိန်(ဇွန်လ ၁၉ ရက်)က ရေနံစိမ်းတစ်စည်လျှင် စင်ကာပူဒေါ် လာ ၈၈ ဒသမ ၀၂ အထိ ပြန်လည်မြင့်တက်လာခဲ့သည်။

ကချင်ပြည်နယ်အတွင်းတွင် ရောင်းချလျက်ရှိနေသည့် စက်သုံးဆီအရောင်းဆိုင်များတွင်လည်း လက်ရှိအချိန်တွင် တစ်ပေပါလျှင် ကျပ် ၂၀၃၀၀၀ အထိဝယ်ယူနေရပြီး တစ်ဂါလံရောင်းချပါက ကျပ်တစ်ထောင်ဝန်းကျင်သာ အမြတ်အစွန်းရရှိကြောင်းလည်း သိရသည်။

"တစ်ပေပါမှာ၅၀ဂါလံသာ ပြောတာ။ အပြည့်မပါဘူး။ ဝယ်ဈေးကလည်း အရမ်းကြီးတယ်။ အမြတ်က သိပ်မကျန်ဘူး။ ဆိုင်ကြီးတွေလိုလည်း အရမ်းကြီးတင်ပြီးတော့ ရောင်းလို့မရဘူး။ တစ်လီတာကို တစ်ထောင်သာ ရောင်းနေရင်လည်း ကျွန်တော် တို့ဆီမှာ ဘယ်သူမှလာထည့်မှာ မဟုတ်တော့ဘူး" ဟု မြစ်ကြီးနားမြို့ ယုဇနရပ်ကွက်တွင် စက်သုံးဆီရောင်းချနေသည့် ဦးလှမျိုးမှ မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်း၊ ဖြန့်ဖြူးရောင်းချသူများအသင်း အတွင်းရေးမှူးဦးဝင်းမြင့်၏ မီဒီယာများအပေါ် ဖြေကြားချက်များအရ နိုင်ငံ၏ စက်သုံးဆီ ဈေးနှုန်းများများသည် အာဆီယံနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် ဒုတိယအနည်းဆုံးအဖြစ် ရပ်တည်နေပါသည်ဟု ဆိုသည်။

ထိုသို့စက်သုံးဆီဈေးများ ကျဆင်းရေးမှာ ဂါလံ ၅၀၀၀၀ ဝန်းကျင်ဆံ့ ဆီတင်သင်္ဘောများ ဆိုက်ကပ်နိုင်ခြင်းမရှိ၍ ဖြစ်ကြောင်းလည်း မြန်မာနိုင်ငံစက်သုံးဆီ တင်သွင်းရောင်းချသူများအသင်း၏ အစိုးရထံတင်ပြချက်အရ သိရသည်။

ကမ္ဘာ့စက်သုံးဆီဈေးကွက်၏လိုအပ်ချက်မှာ မြင့်တက်နေပြီး ၂၀၁၈ ခုနှစ် နှစ်ဝက်ကျော်အထိ မြင့်တက်နေဦးမည်ဖြစ်ကြောင်း ရေနံတင်ပို့ရောင်းချသည့် နိုင်ငံများအဖွဲ့ (OPEC) ပညာရှင်များက ဇွန်လ ၁၈ ရက်က ခန့်မှန်းခဲ့သည်။

ထိုသို့ဆီဈေးများမြင့်တက်နေခြင်းကြောင့် ယာဉ်လိုင်းပြေးဆွဲသူများအတွက်လည်း ဆီဖိုးကုန်ကျငွေ ယခင်ထက် နှစ်ဆနီးပါးကုန်ကျကာ အမြတ်အစွန်းနည်း ပါးနေသည်ဟုလည်း မြစ်ကြီးနား-ဖားကန့် ယာဉ်လိုင်းပြေးဆွဲနေသည့် ကိုမျိုးက ပြောသည်။

"အရင်က အသွားအပြန်ဆိုရင် ကျနော်တို့ Crown ကားတွေက ဆီဖိုးသုံးသောင်းခွဲလောက်ကုန်တယ်။ အခုဈေးတက်သွားတဲ့အချိန်မှာ ငါးသောင်းခွဲလောက်အထိတောင် ကုန်တယ်။ သိပ်မကိုက်တော့ဘူး" ဟု ကိုမျိုးမှ မြစ်ကြီးနားသတင်းဂျာနယ်သို့ ရှင်းပြသည်။

မြန်မာနိုင်ငံအတွင်း စက်သုံးဆီအသုံးပြုမှု၏ ၉၅ ရာခိုင်နှုန်းသည် ပြည်ပမှတင်သွင်းလာခြင်းဖြစ်ပြီး စင်ကာပူနိုင်ငံမှတစ်ဆင့် တင်သွင်းလာခြင်းဖြစ်ကာ ရေနံတစ်တန်လျှင် ၁၅ ဒေါ်လာ ဈေးပိုပေးနေရပြီး နိုင်ငံတော်အစိုးရကလည်း စက်သုံးဆီအပေါ်ကြို တင်ဝင်ငွေခွန် နှစ်ရာခိုင်နှုန်း၊ Custom Duty သုံးရာခိုင်နှုန်း၊ အထူးကုန်စည်ခွန် ငါးရာခိုင်နှုန်း၊ ကုန်သွယ်လုပ်ငန်းခွန် ငါးရာခိုင်နှုန်း ကောက်ခံသည့်အပြင် ကုမ္ပဏီ၏ဝင်ငွေအပေါ် မူတည်ကာ ၂၅ ရာခိုင်နှုန်း ကောက်ခံနေခြင်းကြောင့် စက်သုံးဆီဈေး တက်ရခြင်းဖြစ်သည်ဟုလည်း လုပ်ငန်းရှင်အများစုက သုံးသပ်သည်။

မြန်မာနိုင်ငံတွင် စက်သုံးဆီဈေးနှုန်းများ လျှော့ကျလာရေးအတွက် နိုင်ငံအတွင်းကြီးမားသည့် ဆီလှောင်ကန်ကြီးများ တည်ဆောက်ရမည့်အပြင် လက်ရှိတင်သွင်းနေသော ဂါလံ ၂၀၀၀၀ ဆံ့ ဆီသယ်ယာဉ်သင်္ဘောကြီးများအစား ဂါလံ ၄-၅၀၀၀၀ ဆံ့ သင်္ဘောများ ဆိုက်ကပ်နိုင်သည့် နေရာများ စီစဉ်ပေးသင့်ကြောင်း နိုင်ငံတွင်း လုပ်ငန်းရှင်အများစုက သုံးသပ်ကြသည့်အပြင် အခွန်စနစ်ပါ ပြုပြင်ပြောင်းလဲသင့်သည်ဟုလည်း ဆိုသည်။

မြစ်ကြီးနားမြို့တွင် ယခင်က ခရိုနီကြီးနှစ်ဦးပိုင်ဆီပန့်ဆိုင်ကြီးနှစ်ဆိုင်သာ ရှိခဲ့သော်လည်း ယခုနောက်ပိုင်း မြစ်ကြီးနားမြို့ပေါ်တွင် ဆီပန့်ဆိုင် ဆယ်ဆိုင်ခန့်ရှိလာပြီ ဖြစ်သည်။

စည်သူ(မြစ်ကြီးနား)

## Editorial
## အယ်ဒီတာ့အာဘော်

# မပြောင်းလဲနိုင်တဲ့ ဥပဒေနဲ့ မလိုက်နာနိုင်တဲ့ ပြည်သူ

အခုခေတ် နေ့စဉ်ဘဝမှာ ဆိုင်ကယ်ဟာ မရှိမဖြစ်အလိုအပ်ဆုံးအရာတစ်ခု ဖြစ်မှန်းမသိဖြစ်လို့လာပါတယ်။ ဟိုအရင်ခေတ်က စူပါကပ်နဲ့ ဒီတီဆိုင်ကယ်စီးတဲ့သူကို လက်ချိုးရေတွက်လို့ရပေမယ့် တိုးတက်လာတဲ့ ခေတ်အခြေအနေနဲ့ တရုတ်နိုင်ငံရဲ့ စီးပွါးရေးအမြင့်စူးရှမှုတွေကြောင့် ၂၀၀၀ ခုနှစ်နောက်ပိုင်း မြန်မာနိုင်ငံဟာ ဆိုင်ကယ်များ တစ်ခေတ်ဆန်းလာပါတယ်။

ခေတ်ကာလအခြေအနေအရ ကားမဝယ်နိုင်ကြတဲ့ မြန်မာနိုင်ငံသားတွေရဲ့ နေ့စဉ်ဘဝမှာ ဆိုင်ကယ်ဟာ မရှိမဖြစ်အသုံးအဆောင်ဖြစ်လာတော့ ဆိုင်ကယ်ကို နည်းအမျိုးမျိုးနဲ့ ရယူပိုင်ဆိုင်ကြရာကနေ မြို့တိုင်းမှာ ဆိုင်ကယ်တွေ ပြည့်ကျပ်လို့လာပါတယ်။

ကချင်ပြည်နယ်မှာလည်း လူဦးရေ ၁၇ သိန်းရဲ့ သုံးပုံပုံတစ်ပုံလောက်က ဆိုင်ကယ်ကိုယ်စီပိုင်ဆိုင်ကြပါတယ်။ ပူတာအိုခရိုင်ထဲက ဝေးခံခေါင်းပါးဒေသတွေကလွဲရင် ကျန်ဒေသတွေမှာ တစ်အိမ်ကို ဆိုင်ကယ်တစ်စီးတော့ အနည်းဆုံးပိုင်ဆိုင်ကြပါတယ်။ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရဲ့ စာရင်းတွေအရဆိုရင် ကချင်ပြည်နယ်ထဲက ဆိုင်ကယ်တွေထဲမှာ လိုင်စင်ရှိတာ ခုနှစ်သောင်းကျော်ပဲရှိတယ်လို့ဆိုပါတယ်။ ကျန်သော လမ်းပေါ်က သိန်းနဲ့ချီတဲ့ဆိုင်ကယ်တွေဟာ လိုင်စင်မဲ့တွေပါ။

ကချင်ပြည်နယ်မှာ လိုင်စင်မဲ့ဆိုင်ကယ်တွေအပြင် ကားတွေလည်းများပြားလာတာကြောင့် ပြည်နယ်အစိုးရက လိုင်စင်မဲ့ဆိုင်ကယ်တွေကို ထိန်းချုပ်ဖို့ ကြိုးပမ်းနေပါတယ်။ ယာဉ်တိုက်မှုတွေနဲ့ အခြားမှုခင်းတွေကို လိုင်စင်မဲ့ဆိုင်ကယ်တွေ၊ လိုင်စင်မဲ့ကားတွေနဲ့ အသုံးပြုကျူးလွန်နေကြတာကြောင့် ဒီလိုထိန်းချုပ်ဖို့လိုတာကတော့ အမှန်ပါပဲ။

သို့ပေသည့် ပြီးခဲ့တဲ့အပတ်က အစိုးရရဲ့ လိုင်စင်ထုတ်ပေးတဲ့နေရာကို ရောက်လာတဲ့ ဆိုင်ကယ်အရေအတွက်က အင်မတန်နည်းပါးနေပါတယ်။ အစိုးရက နှစ်နှစ်တစ်ကြိမ်လောက် လိုင်စင်ထုတ်ပေးတာတွေ လုပ်နေပေမယ့် လိုင်စင်လုပ်ပေးတဲ့နေရာကို ရောက်မလာကြခြင်းက ဘာကြောင့်လဲဆိုတာ အဖြေရှိပြီးသား မေးခွန်းပါ။

ဆိုင်ကယ်လိုင်စင်မလုပ်သူ အများစုရဲ့ဆန္ဒက သူတို့ပိုင်ဆိုင်တဲ့ ဆိုင်ကယ်ရဲ့ တန်ဖိုးနဲ့စာရင် အခွန်ကြေးက များလွန်းနေတာကြောင့် မလုပ်ကြတာလို့ ဆိုပါတယ်။ သူတို့ပိုင်တဲ့ နှစ်သိန်း၊ သုံးသိန်းတန်ဆိုင်ကယ်အတွက် ခုနှစ်သောင်း၊ ရှစ်သောင်းပေးပြီး လိုင်စင်မလုပ်လိုကြတာပါ။

ဒုတိယအုပ်စုကတော့ အရင်က သူတို့ဆိုင်ကယ်အချို့ကို လိုင်စင်လုပ်ခဲ့ဖူးပေမယ့် လမ်းတွေပေါ် ရောက်တဲ့အခါ လိုင်စင်ရှိခြင်းအတွက် ထူးခြားတဲ့အကျိုးခံစားခွင့်လည်းမရှိ၊ စစ်ဆေးကြပ်မတ်မှုတွေလည်း မရှိတာကြောင့် မထူးဘူး၊ ဖမ်းကာမှဖမ်းရောဆိုတဲ့သဘောနဲ့ မလုပ်ကြတာပါ။

ဒီအချက်တွေက အစိုးရမင်းတွေ ပြန်လည်သုံးသပ်ရမယ့် အဓိကပြဿနာတွေဖြစ်မှာပါ။ ဒီမိုကရေစီခေတ်မှာအခွန်ကောက်ခံခြင်းကအခရာကျတယ်ဆိုပေမယ့် ဘက်မမျှတဲ့ အခွန်ကောက်ခံမှုစနစ်ဟောင်းကိုပြန်လည်ဆန်းစစ်ဖို့ဘာကြောင့် မကြိုးစားခဲ့တာလဲဆိုတာ မေးခွန်းထုတ်ချင်စရာဖြစ်နေပါတယ်။

ပြည်သူအများစု စည်းကမ်းဘောင်ထဲရောက်လာပြီး ထိန်းချုပ်ရလွယ်ကူသွားစေမယ့်အရေး၊ ဆိုင်ကယ်အများစုထံက အခွန်ငွေတွေ ရရှိလာမယ့်အရေး၊ လမ်းမပေါ်က မှုခင်းတွေလျော့နည်းကျဆင်းရေးတို့အတွက် နံပါတ်ပြားမဲ့နေတဲ့ ဆိုင်ကယ်တွေကို နံပါတ်ပြားလေးတွေကိုယ်စီ တပ်ဆင်လာအောင် ကူညီဆောင်ရွက်ပေးကြစေလိုကြောင်း ရေးသားလိုက်ရပါတယ်။

မြစ်ကြီးနားသတင်းဂျာနယ်


## အမည်ပြောင်းအသိပေးကြေညာခြင်း

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ အေးစေတီရပ်ကွက်၊ အိမ်အမှတ် (၃၅၄)၊တွင်နေထိုင်ပြီး ရာပြည့်ကိုယ်ပိုင်ကျောင်း ပဉ္စမတန်းတွင် တက်ရောက်နေသော မောင်မင်းပြည့်စုံ၏ ဖခင်အမည်မှာ ဦးစိုင်းထွန်းဝင်းဟုမှားယွင်းနေသောကြောင့် နာမည်အရင်းမှန်မှာ ဦးခိုင်ထွန်းဝင်းဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## အမည်ပြောင်းအသိပေးကြေညာခြင်း

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ ယုဇနရပ်ကွက်၊ မင်းပျိုးအိမ် ကိုယ်ပိုင်အထက်တန်းကျောင်း၊ ဒသမတန်းတွင် ပညာသင်ကြားနေသော အဘအမည် ဦးလရှီးနော်၏ သမီး မဘောက်ခေါန်၏ အမည်မှာ မှားယွင်းနေသောကြောင့် နာမည်အရင်းမှန်မှာ မ မွန်းဇမ်ဖြစ်ကြောင်းအသိပေးကြေညာအပ်ပါသည်။

အဘဦးလရှီးနော် + အမိဒေါ်ဂျာခွမ်
၂၅.၆.၂၀၁၈

# မြစ်ကြီးနားဆေးရုံကြီးတွင် ကျောက်ကပ်များ ဆေးကြောပေးနိုင်တော့မည်

မြစ်ကြီးနား၊ ဇွန် ၁၉

မြစ်ကြီးနား အထွေထွေရောဂါကုဆေးရုံကြီးတွင် ကျောက်ကပ်ဆေးကြောသန့်စင်စက် တပ်ဆင်နေပြီဖြစ်ကြောင်း မြစ်ကြီးနားဆေးရုံအုပ်ကြီး ဒေါက်တာဘုန်းမော်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ဒီဆေးရုံကြီးမှာ ကျွန်တော်တို့တတွေ ကျောက်ကပ်ဆေးကြောသန့်စင်ခြင်းကို ပြုလုပ်ဖို့ စိုင်းပြင်းနေတာတော့ကြာပါပြီ။ အခုလောလောဆယ်ကျွန်တော်တို့က ကျောက်ကပ်ဆေးကြောသန့်စင်တဲ့အခန်းတွေကို ဖွဲ့စည်းပုံတွေပြုပြင်မွမ်းမံနေတယ်။ နောက်တစ်ခုက ကုသသန့်စင်တဲ့စက်တွေထားဖို့ဆောက်တယ်။ အခုအခန်းတွေအကုန် ပြီးသွားပြီ။ နောက်ပြီး ဆောက်ပြီးသွားတဲ့အခါမှာ လျှပ်စစ်နဲ့ပတ်သက်လို့ သီးသန့်ထရန်စဖော်မာကို ဌာနကနေပြီးမှ ဆောက်သွားမယ်။ ဒါကတော့ ကျောက်ကပ်ဆေးကြောတာ တစ်ခုတည်းသုံးဖို့ မဟုတ်ပါဘူး"ဟု ဒေါက်တာဘုန်းမော်က ပြောသည်။

ဇွန်လ ၉ ရက်က ကျောက်ကပ်ဝေဒနာရှင်နှစ်ဦးကို စမ်းသပ်ဆေးကြောမှု ပြုလုပ်နိုင်ခဲ့ပြီး ကုသမှုလုပ်ငန်းကို လုပ်ဆောင်ရာတွင် အခြားသောလိုအပ်ချက်များ ရှိနေသေးကြောင်း ဆေးရုံအုပ်ကြီးဒေါက်တာဘုန်းမော်က ဆက်ပြောပြသည်။

"စမ်းသပ်ဆေးကြောမှု လုပ်ခဲ့ပြီးပြီ။ နောက်ပိုင်းကျရင် စက်လေးလုံးစလုံး Run နိုင်မယ်။ နောက်ပိုင်းကျရင်တော့ ဆေးရုံမှာလာပြတဲ့ အသည်းဝေဒနာရှင်တွေ၊ ကျောက်ကပ်ဝေဒနာရှင်တွေကို ဆေးကြောကုသမှုပေးနိုင်တော့မှာပါ။ လိုအပ်တဲ့ စက်တွေကိုလည်း လူနာတွေများရင် များလာသလို တိုးချဲ့သွားဖို့ ရှိနေပါတယ်။ လောလောဆယ်မှာတော့ ကျောက်ကပ်ဆေးတဲ့ စက်ကလေးလုံး ဆင်ပြီးပြီ။ စမ်းပြီးပြီ။ လိုအပ်ချက်တွေတော့ ရှိဦးမယ်။ လိုအပ်ချက်တွေက လုပ်ရင်းလုပ်ရင်းနဲ့ညှိသွားမယ်"ဟု ဒေါက်တာဘုန်းမော်က ပြောသည်။

လောလောဆယ်တွင် ကျောက်ကပ်ဆေးကြောသန့်စင်ခြင်းကို အလုံးစုံအခမဲ့အဖြစ် ကုသပေးနိုင်ဦးမည်မဟုတ်ဘဲ ကုသရာတွင် ကုန်ကျသည့် ကုန်ကျစရိတ်အချို့ကို လူနာမှကျခံရမည်ဖြစ်ကြောင်း၊ အစိုးရမှ ထောက်ပံ့ထားသည့် စက်ပစ္စည်းများ အသုံးပြုမှုအတွက်သာ အခမဲ့အဖြစ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဆေးရုံအုပ်ကြီးက ရှင်းပြသည်။

"ကျောက်ကပ်ဆေးကြောတဲ့အခါ သုံးဖို့ဆေးတွေလည်း ရှိတယ်။ ဆရာဝန်တွေ၊ သူနာပြုတွေလည်းရှိပြီ။ စက်ပစ္စည်းတွေနဲ့ကုသပေးနေတာတွေက အကုန်အခမဲ့။ ဆရာဝန်တွေရဲ့လုပ်ဆောင်မှု၊ ဆေးရုံရဲ့လုပ်ဆောင်ပေးမှုက အကုန်အခမဲ့။ နောက်ပြီး ဒီမှာလုပ်တဲ့အခါ မီးစက်တွေမောင်းဖို့လည်း လိုအပ်တယ်။ ကျောက်ကပ်ဆေးကြောနေတဲ့အခါ မီးကပျက်လို့မရဘူး။ တောက်လျှောက်မောင်းရမယ်။ ဒီမီးစက်မောင်းတဲ့အခါ ကုန်ကျစရိတ်တွေအကုန်လုံးက နိုင်ငံတော်ကနေ လျှပ်စစ်ဘဏ္ဍာအတွက် ထောက်ပံ့တာရှိတယ်။ သို့သော်လည်းပဲ ကျောက်ကပ်ရောဂါဆေးကြောတဲ့အခါမှာ သုံးတဲ့ တစ်ခါသုံးလက်အိတ်တွေ၊ သွေးမခဲအောင်သုံးတဲ့ဆေးတွေရှိတယ်။ အဲဒီဆေးတွေတော့ လူနာတွေဘက်က ဝယ်ရလိမ့်မယ်။ အကုန်လုံးက အခမဲ့တော့ မဟုတ်ပါဘူး။ ကျွန်တော်တို့ လုပ်နိုင်တဲ့အပိုင်းတွေ ဝန်ဆောင်မှုအပိုင်းတွေ၊ စက်ပစ္စည်းတွေအားလုံးကို နိုင်ငံတော်ကနေထောက်ပံ့ထားတာဆိုတော့ အခမဲ့ပါပဲ"ဟု ဒေါက်တာဘုန်းမော် ပြောသည်။

ခုတင် ၅၀၀ ဆံ့ မြစ်ကြီးနား အထွေထွေရောဂါကုဆေးရုံကြီးတွင် နေ့စဉ်လူနာပေါင်း နှစ်ရာကျော်ကုသလျက်ရှိပြီး၊ ဇွန်လဆန်းပိုင်းမှစတင်ကာ အသည်းရောင်အသားဝါစီရောဂါကို အခမဲ့စတင်ကုသပေးနေကြောင်း သိရသည်။

ဆိုင်း (ကချင်မြေ)



# မိုင်းနင်းမိခဲ့သူအများစုမှာ မော်လုပ်သားများဖြစ်ကြောင်း ပြည်နယ်ကြက်ခြေနီပြောကြား

မြစ်ကြီးနား၊ ဇွန် ၁၄

ကချင်ပြည်နယ်အတွင်းရှိ မိုင်းထိလူနာများထဲတွင် အများစုမှာ မော်လုပ်သားများဖြစ်သည်ဟု ကချင်ပြည်နယ်၊ ပြည်နယ်ကြက်ခြေနီရုံးမှ မိုင်းအန္တရာယ်အသိပညာပေးအရာရှိ ဒေါ်သင်းသင်းမြတ်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ကချင်ပြည်နယ်မှာဆိုရင် တနိုင်း၊ ဖားကန့်၊ မိုးကောင်း၊ ဝိုင်းမော်တို့လိုဒေသတွေမှာအဖြစ်များနေပြီး မိုင်းထိတဲ့လူနာအများစုကို ကောက်ယူထားတဲ့ စာရင်းအရ ခြုံငုံပြီးကြည့်မယ်ဆိုရင် မော်လုပ်တဲ့သူတွေက ပိုများနေပါတယ်။ နေရာကတော့ တနိုင်းဘက်က မော်လုပ်ကွက်တွေမှာ အဖြစ်များနေပါတယ်"ဟု ဒေါ်သင်းသင်းမြတ်က ပြောသည်။

မြေမြှုပ်မိုင်းများကို ရှောင်ကွင်းပြောင်းမော်လုပ်သားအများစု ထိခိုက်ခံစားနေကြရကြောင်း သိရပြီး ပြည်နယ်ကြက်ခြေနီရုံးမှ မိုင်းထိလူနာ ၂၆ ဦးကို ခရီးစရိတ်၊ ဆေးဝါးကုန်ကျစရိတ်နှင့် အသုံးအဆောင်များအပြင် လူနာတစ်ဦးလျှင် ကျပ် ငါးထောင်၊ လူနာစောင့်တစ်ဦး ကျပ် ငါးထောင်နှုန်းထောက်ပံ့မှုများ ပြုလုပ်ပေးခဲ့ကြောင်းလည်း သိရသည်။

"ကျွန်မတို့တတွေ လေ့လာစုံစမ်းလို့ ရသလောက်က သူတို့တွေရဲ့ မော်လုပ်ကွက်မှာတင် မြေမြှုပ်မိုင်းတွေ အများကြီးရှိနေတယ်ဆိုတာ သိလာရတယ်။ သူတို့တွေက ဝိုင်းမော်လိုနေရာမျိုး၊ မိုးကောင်းလိုနေရာမျိုးကနေလာပြီးအလုပ်လာလုပ်ကြတာလေ။ တခြားပြည်နယ်တွေကလူတွေလည်း ပါတယ်။ မော်သွားရင်းလာရင်းနဲ့ သော်လည်ကောင်း၊ ကျောက်တွေရှာရင်းနဲ့ သော်လည်းကောင်း ဒီလိုမြေမြှုပ်မိုင်းတွေနင်းမိနေကြတာပါ"ဟု ဒေါ်သင်းသင်းမြတ်က ဆက်ပြောသည်။

ကချင်ပြည်နယ်တွင် မြစ်ကြီးနား၊ ဝိုင်းမော်၊ ချီဖွေ၊ တနိုင်း၊ မိုးညှင်း၊ မိုးကောင်း၊ ဖားကန့်၊ ဗန်းမော်၊ မံစီနှင့်မိုးမောက်မြို့နယ်များတွင် မိုင်းအန္တရာယ် အသိပညာပေးဆွေးနွေးပွဲများကို တစ်လလျှင်နှစ်ကြိမ် ပုံမှန်ပြုလုပ်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ အချက်အလက်အရ ၂၀၁၇ ဒီဇင်ဘာလမှ ၂၀၁၈ ခုနှစ် မေလအထိ မိုင်းနှင့်ပတ်သက်ပြီး စစ်ရှောင်စခန်းမှ ကျား ၁၇၁၇ ဦး၊ မ ၂၃၂၇ ဦးနှင့် ကလေးသူငယ် ၈၃၁ ဦးတို့ကို အသိပညာပေးခဲ့ကြောင်း သိရသည်။

၂၀၁၇ ခုနှစ်အတွင်းကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုင်းအန္တရာယ်အသိပညာပေးရေးလုပ်ငန်းများ၊ မိုင်းနှင့် စစ်လက်ကျန် ပေါက်ကွဲစေတတ်သော ပစ္စည်းများကြောင့် ထိခိုက်သေဆုံးသူများနှင့် မိသားစုများအတွက် ငွေကြေးပံ့ပိုးခြင်း၊ စိတ်ပိုင်းဆိုင်ရာနှစ်သိမ့်ပံ့ပိုးခြင်း စသည့် မိုင်းအန္တရာယ်ကာကွယ်ရေးနှင့်ဆိုင်သော လုပ်ငန်းများကိုလုပ်ကိုင်ရန်အတွက်မြန်မာနိုင်ငံ လူသားချင်းစာနာမှုဆိုင်ရာရန်ပုံငွေမှ ပြည်တွင်းနှင့်နိုင်ငံတကာအဖွဲ့အစည်းများအတွက် အမေရိကန်ဒေါ်လာ ၃၅၀၀၀၀ ပံ့ပိုးပေးခဲ့သည်ဟု ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး OCHA မှ စာရင်းထုတ်ပြန်ထားသည်။

အဆိုပါမိုင်းအန္တရာယ်ကာကွယ်ရေးနှင့်ဆိုင်သော စီမံချက်များမှတစ်ဆင့် ၂၀၁၇ ခုနှစ်အတွင်း နေရပ်စွန့်ခွာနေထိုင်သူများနှင့် မိုင်းအန္တရာယ်ရှိသည့် ရွာများတွင် နေထိုင်သူများအပါအဝင် လူဦးရေ ၄၅ ၀၀၀ ကျော်ကို အကူအညီများပေးနိုင်ခဲ့ကြောင်း သိရသည်။

ဆိုင်း (ကချင်မြေ)

# မိုးညှင်းတွင် လိုင်စင်မဲ့ဆိုင်ကယ်များ ရှောင်တခင်စစ်ဆေးပြီး လိုင်စင်များပြုလုပ်ပေးနေ

ဇွန် ၁၈

မိုးညှင်းခရိုင်တွင် လိုင်စင်မဲ့ဆိုင်ကယ်များကို ရှောင်တခင်စစ်ဆေးကာ ဆိုင်ကယ်လိုင်စင်များပြုလုပ်ပေးနေကြောင်း သိရသည်။

ယာဉ်လိုင်စင်များကို မိုးညှင်းမြို့ရွှေသာလျောင်းဇာတ်ရုံကြီးတွင်ဇွန်လ ၁၈ ရက်မှ စတင်ဆောင်ရွက်ပေးခဲ့ကာ စက်တင်ဘာလ ၁၈ ရက်နေ့အထိ ၃ လကြာဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

သတ်မှတ်ရက်ကျော်လွန်သည့်နောက် လိုင်စင်မဲ့ဆိုင်ကယ်များကိုတွေ့ရှိပါကဖမ်းဆီး အရေးယူသွားမည်ဖြစ်ကြောင်းမိုးညှင်းအမှတ်(၁၀၁) ယာဉ်ထိန်းတပ်ဖွဲ့စုမှ သိရသည်။

"အခုလောလောဆယ် သုံးလအတွင်းတော့ ဖမ်းဆီးတရားစွဲအရေးယူဖို့ မရှိသေးပါဘူး။ လိုင်စင်မဲ့ဆိုင်ကယ်တွေအားလုံး တရားဝင်ယာဉ်လိုင်စင်လုပ်ကြဖို့ အသံချဲ့စက်တွေနဲ့ ကြေညာထားပါတယ်။ "ဟု ယာဉ်ထိန်းတပ်ဖွဲ့စုမှ ရဲအုပ်ရဲဝင်းကပြောသည်။

သက်ဆိုင်ရာအဖွဲ့အစည်းများကလည်း ရှောင်တခင်စစ်ဆေးပြီး ယာဉ်လိုင်စင်လုပ်ပေးသည့်နေရာသို့ တိုက်ရိုက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း မိုးညှင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှ သိရသည်။

"သတ်မှတ်ပေးထားတဲ့သုံးလအတွင်း ယာဉ်လိုင်စင်ရှိမရှိဆိုတာတွေကို ရှောင်တခင်စစ်ဆေးမှုတွေ ပြုလုပ်ပေးဖို့ပြင်ဆင်ထားပါတယ်။ လိုင်စင်မဲ့ဆိုင်ကယ်တွေကို တွေ့ရှိတာနဲ့ ယာဉ်လိုင်စင်ပြုလုပ်ပေးတဲ့နေရာကို လိုက်လံပို့ဆောင်ပေးပါမယ်။ ကာလကုန်ဆုံးပြီးယာဉ်လိုင်စင်မလုပ်သေးတာတွေ့ရှိခဲ့ရင် သွင်းကုန်၊ထုတ်ကုန်ဥပဒေပုဒ်မ (၈) နဲ့အရေးယူသွား ပါမယ်"ဟု မြို့နယ်ထွေ/အုပ်ရုံးမှဒုဦး စီးမှူးဦးစံရွှေမြင့်ကပြောသည်။

ဆိုင်ကယ်လိုင်စင်လုပ်ပေးရာတွင် လိုင်စင်မဲ့ကားများနှင့် ဘတ္တရီဆိုင်ကယ်များ ပါဝင်ခြင်းမရှိသေးသဖြင့် ပြည့်စုံသည့် လုပ်ငန်းရပ်မဟုတ်သေးကြောင်း ကျေးလက်ဒေသခံဦးထွေးကပြောသည်။

"အားလုံးလိုင်စင်ဆောင်ရမယ်။ ဥပဒေဘောင်အတွင်း ကရှိကြရမယ်ဆိုတာ လက်ခံကြပေမယ့် ကျေးလက်ဒေသကအခြေခံလူတန်းစားတွေရဲ့ ဆိုင်ကယ်တွေအတွက်တော့ အခက်အခဲဖြစ်နေတယ်။သူတို့ရဲ့ဆိုင်ကယ်တွေရဲ့တန်ဖိုး ကလေးသောင်းလောက်ပဲရှိတော့ပေမယ့် ခြောက်သောင်းကျော် ခုနှစ်သောင်းလောက် ပေးဆောင်ရမယ်ဆိုတော့ သိပ်အဆင်မပြေလှဘူး။ပြည်သူတွေတင်မြှောက်တဲ့ ပြည်သူ့အစိုးရက ပြည်သူကိုစောင့်ရှောက်တဲ့ အနေနဲ့ဈေးနှုန်းလျှော့ ပေါ့ပြီး ဆောင်ရွက်ပေးစေချင်တယ်" ဟု ဘီလူးမြို့မှ ဒေသခံဦးထွေးကပြောသည်။

မိုးညှင်းမြို့နယ်အတွင်း လိုင်စင်မဲ့ဆိုင်ကယ်များကို ဆိုင်ကယ်လိုင်စင်များပြုလုပ်ပေးသည့် ပထမနေ့တွင် ဆိုင်ကယ်အစီးရေ ၆၁ စီး နေ့ချင်းပြီး လာရောက်ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ထွန်းထွန်း(မိုးညှင်း)

# အမျိုးသမီးများအတွက် တားဆေး အကြောင်းသိကောင်းစရာ

**၁။ ကိုယ်ဝန်တား ဟော်မုန်းပါ စားဆေးဆိုတာ ဘာလဲ။**

-ခါတ်ခွဲခန်းမှာ လုပ်ထားတဲ့ (အီစထိုဂျင်)နဲ့ (ပရိုဂျက်စတင်) ဟော်မုန်း(အတု)တွေ ပါတယ်။ ဒီဆေးတွေ သွေးထဲဝင်လာရင် ကိုယ်ဝန်မရစေဘူး။လစဉ်ထွက်နေကျ မ-မျိုးဥ ထွက်လာမှာကို တားဆီးပေးမယ်။ သားအိမ်ဝမှာ ရှိနေတဲ့ အကျိအချွဲကို စေးပျစ်စေလို့ သုတ်ပိုးဝင်လာမှာကို တားပေးတယ်။ ဖို-မ နှစ်ခု မတွေ့စေနိုင်ဘူး။ သားအိမ်အတွင်း နံရံကို ပါးလွှာစေလို့ ဖို-မ တွေ့ကြီးတော့ လာမတွယ်စေနိုင်ဘူး။

**၂။ ကိုယ်ဝန်တားဟော်မုန်းပါ စားဆေးသောက်နေရင် တခြားတားနည်း လိုသေးသလား။**

- ဒီတားဆေးတွေ၊ Implant အရေပြားအောက်ထားရတဲ့ တားဆေးချောင်းနဲ့ Depo-Provera ၃ လခံ ထိုးဆေးတွေဟာ ရာသီစလာတဲ့နေ့ကနေ စသုံးရင် ချက်ချင်းထိရောက်တယ်။ အမှန်က ၇ ရက်နေမှ အသေအချာ ထိရောက်ပါတယ်။ အဲဒီ ၇ ရက်အတွင်း အတူနေပေမဲ့ ကိုယ်ဝန်မရဘို့ ရာခိုင်နှုန်းအတော်ကြီး များတယ်။ ဒါပေမဲ့ လိုလိုမယ်မယ် ဒီ ၇ ရက်အတွက် တခြားနည်း တစ်ခုခုသုံးရင် ရာနှုန်းပြည့် စိတ်ချရမယ်။

**၃။ ကိုယ်ဝန်တား ဟော်မုန်းပါ စားဆေးသောက်တာ ရပ်လိုက်တဲ့နောက် ဘယ်လောက်ကြာမှ ကိုယ်ဝန်ရနိုင်သလဲ။**

- တချို့မှာ စောင့်စရာမလိုပါ။ တချို့က ခဏစောင့်ရမယ်။ ရာသီလာတာ ပုံမှန်ဖြစ်လာအောင် ထိန်းညှိနေဦးမယ်။ တချို့ တစ်နှစ်လောက် စောင့်ရနိုင်တယ်။

**၄။ ကိုယ်ဝန်တား ဟော်မုန်းပါ စားဆေးရပ်လိုက်ပေမဲ့ ကိုယ်ဝန်ဘာလို့မရသေးတာလဲ။**

-ဆေးရပ်လိုက်ပေမဲ့ ဆေးသတ္တိ ကျန်နေသေးဦးမယ်။ ပျမ်းမျှ ၂-၃ လ ကြာ စောင့်ရတတ်တယ်။

- Depo-Provera are ဆေးထိုးတားသူဆိုရင် ၆-၁၂ လ စောင့်ရတတ်တယ်။ ရာသီမလာတာလည်း ရှိနိုင်တယ်။

**၅။ ကျမရာသီပြန်မလာ တာ ဘာကြောင့်ပါလဲ။**

- Progestin-only pills ဟော်မုန်း တစ်မျိုးတည်းပါဆေးမျိုး သောက်ရင် ရာသီမလာတာ ဖြစ်သူ များတတ်တယ်။ မသေချာရင် ကိုယ်ဝန် ရှိ-မရှိ ဆီးစစ်ပါ။

- Depo-Provera ထိုးသူတွေ ရာသီမလာတတ်တာ များတယ်။ လူဝလာတတ်တယ်။ ရင်သားနာတတ်တယ်။ ခေါင်းနည်းနည်းကိုက်မယ်။

**၆။ ဆေးသောက်ဖို့ မေ့သွားရင် ဘာလုပ်ရမလဲ။**

- ဆေးကို ရက်သာမက အချိန်လည်း တိကျနိုင်လေ ကောင်းလေဖြစ်တယ်။ နာရီပိုင်းနောက်ကျရင် မကာကွယ်နိုင်တာတော့မဟုတ်ပါ။ ဟော်မုန်းအတက်အကျဆိုတာ မှန်နေရင် ပိုကောင်းပါတယ်။ မေ့ရင် သတိရတာနဲ့ သောက်ပါ။ တစ်ရက်မေ့ရင် မေ့ခဲ့တဲ့ဆေးပါ သောက်လိုက်ပါ။ ဆိုလိုတာက ၂ လုံးကို တစ်ရက်ထဲ သောက်ရမှာပါ။ ၂ ရက်အထိမေ့ရင် ၃ လုံး မသောက်ပါနဲ့။ လိုလိုမယ်မယ်နောက်၇ရက်တွက်တခြားကာကွယ်နည်းတစ်ခုခုပါ သုံးပါ။

**၇။ ဆေးသောက်ပြီး အန်ရင် ထိရောက်မလား။**

- ဆေးသောက်ပြီး ၂ နာရီအတွင်းအန်ရင် ဆေးတစ်လုံး ထပ်သောက်ရမယ်။

**၈။ကြားရက် သွေးဆင်းနေတယ်။**

-ကိုယ်ဝန်တား ဟော်မုန်းပါ စားဆေး စသောက်ဖူးသူတွေမှာ ဖြစ်တတ်တယ်။ ဒီလိုဖြစ်တာက ဆေးထိရောက်မှုနည်းတဲ့သဘော ဖြစ်တယ်။ အပိုနည်းပါ သုံးဖို့လိုချင်လိုမယ်။ လိင်ကတစ်ဆင့် ကူးစက်ရောဂါ Chlamydia ပိုးဝင်နေတာလည်း ဖြစ်နိုင်တယ်။

**၉။ ကိုယ်ဝန်ရှိနေမှန်း မသိဘဲ ကိုယ်ဝန်တားဟော်မုန်းပါ စားဆေးသောက်မိရင် ဘာလုပ်ရမလဲ။**

- ဒီဆေးတွေကနေ ကိုယ်ဝန်နဲ့ အထဲကကလေးကို ဘယ်လိုသက်ရောက်တယ်ဆိုတာ ပြည့်စုံတဲ့ လေ့လာမှုတွေ မရှိသေးပါ။ သိတာနဲ့ဆေးသောက်တာ ရပ်လိုက်ပါ။

**၁၀။ ဘယ်လိုအမျိုးသမီးတွေ ဒီဆေးမျိုး မသောက်သင့်ဘူးလဲ။**

- ကိုယ်ဝန်ရှိနေသူ။
-ကလေးနို့တိုက်နေသူ ဒါမှမဟုတ် ကလေး ၆ လထက်ငယ်ပြီး နို့တိုက်နေသူ။
-ဘာလို့မှန်းမသိဘဲ သွေးဆင်းနေသူ။
- အသဲရောဂါ လောလောလတ်လတ် ရှိနေသူ။
- အသက် ၃၅ နှစ် ကျော်လာသူ။
- နှလုံး(စထုပ်ခ်) ဖြစ်ဖူးသူ။
- သွေးတိုးရှိနေသူ။
- သွေးမခဲရောဂါရှိသူ။
- ဆီးချိုရှိသူ။
- ရင်သား-ကင်ဆာရှိသူ။
- (မိုင်ဂရင်း) ခေါင်းမူး-ခေါင်းကိုက်ရောဂါရှိသူ။

**၁၁။ ဘေးထွက်ဆိုးကျိုးတွေက ဘာတွေလဲ။**

- ရာသီမလာဘဲနေ၊
- စိုးရိမ်စိတ်၊ ဂနာမငြိမ်ဖြစ်၊
- စားချင်စိတ်ပြောင်းလဲ၊
- သွေးကြောထဲ သွေးခဲတာဖြစ်နိုင်တယ်။
- အရိုးအားနည်း၊
- စိတ်ဓါတ်ကျနိုင်တယ်။
- ခေါင်းမူး၊
- သားအိမ်ပြင်ပ သန္ဓေတည်၊
- မျိုးဥအိမ်ကြီး၊
- သည်းခြေကျောက်။ (ရှားပါး)၊
- ခေါင်းကိုက်မယ်။
- နှလုံး (အတက်ခ်) ဖြစ်နိုင်တယ်။
- သွေးဖိအားတက်နိုင်တယ်။
- ဝက်ခြံ တိုးနိုင်-လျော့နိုင်တယ်။
-မျက်နှာနဲ့ကိုယ်မွှေးများနည်း၊
- အသားဝါ၊ (ရှားပါး)၊
- အသဲ အကျိတ်ဖြစ်နိုင်တယ်။ (ရှားပါး)၊
- ရာသီလာရက်များ၊
- လိင်စိတ် နည်းနိုင်တယ်။
- ပျို့-အန်ချင်မယ်။
- ဗိုက်အောက်ပိုင်းနာ၊
- သားအိမ်ဝကင်ဆာ၊
- ဆံပင်ကျွတ်၊
- အရေပြား အနီပျဉ်ထွက်၊ အမည်းကွက်ထွက်၊
- ကြားရက်သွေးဆင်း၊
- (စထုပ်ခ်) ဖြစ်နိုင်တယ်။
- ရင်သားနာ၊
- အဖြူဆင်း၊
- မွေးလမ်းပိုးဝင်နိုင်တယ်။
- လူဝလာမယ်။

**၁၂။လူဘယ်လောက်ပိုဝတတ်သလဲ။**

- တစ်ယောက်နဲ့တစ်ယောက်တော့ မတူဘူး။ စားချင်စိတ်ပိုလာလို့နဲ့ အဆီပိုစုလာလို့ ဝလာတာဖြစ်တယ်။ Depo-Provera ဆေးထိုးသူတွေ ပထမနှစ်ကုန်မှာ ၅. ၄ ပေါင်တိုးပြီး ဒုတိယနှစ်ကုန်မှာ ၈. ၁ ပေါင်တိုးတယ်။ အဲလိုလူတွေ ၂ နှစ်ထက်ပို မထိုးသင့်ပါ။

**၁၃။ ကိုယ်ဝန်တား ဟော်မုန်းပါ စားဆေးကို ၁၀ နှစ်ကြာသောက်ရင် အန္တရာယ်ရှိသလား။ ဘယ်နှစ်နှစ်အထိ သောက်ရမယ်လို့ သတ်မှတ်ချက်ရှိသလား။**

- မဟုတ်ပါ။ မရှိပါ။



**၁၄။ ဘယ်လို အကျိုးကျေးဇူးတွေ ရနိုင်သလဲ။**

-ရာသီဆင်းနည်းမယ်။ ရာသီလာတုံး ဗိုက်နာတာ သက်သာမယ်။
-တင်ပါးဆုံတွင်း အင်္ဂါတွေရောင်တာ နည်းတယ်။
-သားအိမ်ပြင်ပ သန္ဓေတည်တာ နည်းတယ်။
-ရင်သား အကျိတ်ဖြစ်တာ နည်းတယ်။
- မ-မျိုးဥအိမ် အကျိတ်ဖြစ်တာ နည်းတယ်။
-သားအိမ်-ကင်ဆာနဲ့ မျိုးဥအိမ်-ကင်ဆာဖြစ်တာ နည်းတယ်။
- သွေးအားနည်းတာ နည်းမယ်။
- ဝက်ခြံဖြစ်တာ နည်းမယ်။
- ရာသီမလာခင် ဖြစ်တတ်တာတွေ အဖြစ်နည်းမယ်။
- Osteoporosis အရိုးရောဂါဖြစ်တာ နည်းမယ်။
- ကိုယ်မွှေးပေါက်တာ နည်းမယ်။
- မိန်းမအင်္ဂါစပ်ခြောက်တာ နည်းမယ်။

**၁၅။ ပဋိဇီဝဆေးတွေနဲ့ မတည့်ဘူးဆိုတာ မှန်သလား။**

-တီဘီအတွက်ပေးတဲ့ Rifampin ဆေး တစ်မျိုးထဲကနေသာ ဆေးအာနိသင်နည်းစေတတ်တယ်။ တခြား ပဋိဇီဝဆေးတွေနဲ့တွဲသောက်လို့ ထူးခြားတာ မရှိပါ။

**၁၆။ တခြားဘယ်ဆေးတွေနဲ့ တွဲသောက်တာ ထိရောက်မှုနည်းစေနိုင်သလဲ။**

- HIV protease inhibitors ဆေးအချို့၊
-အတက်သက်သာဆေးအချို့၊
- Griseofulvin ပွေးပျောက်ဆေး၊

**၁၇။ ဘယ်ဆေးတွေနဲ့ တွဲသောက်ရင် ဆေးအာနိသင်ကို လျော့နည်းစေသလဲ။**

- အနာ-အကိုက်သက်သာဆေး Acetaminophen(Tylenol, Parcetamol)
- သွေးကျဆေး၊ Cyclopenthiazide (Prothiazide)

**၁၈။ ဘယ်ဆေးတွေနဲ့ တွဲသောက်ရင် ဆေးအာနိသင်ကို ပိုများစေနိုင်သလဲ။**

- စိတ်ကျရောဂါအတွက်ဆေး၊ Imipramine
- ပန်းနာဆေး၊ Theophyline
- စိတ်ငြိမ်ဆေး၊ Benzodiazepam (Valium, Ativan, Librium, Serax, Tranxene, Xanax)

**၁၉။ Birth control patch ကိုယ်ဝန်တားကပ်ခွါဆေးက အန္တရာယ်ကြီးတယ်ဆိုတာ ဟုတ်ပါသလား။**

-မဟုတ်ပါ။ အမေရိကန်အမျိုးသမီးတွေ သန်းနဲ့ချီပြီး Ortho Evra လို ကိုယ်ဝန်တားကပ်ခွါဆေး သုံးနေကြတယ်။ ၂၀၀၂ကတည်းကစခဲ့ပြီး အတိအကျသုံးတတ်ရင် ၉၉.၇% ထိရောက်တယ်။

**၂၀။ Low-dose birth control pills ဟော်မုန်း လျှော့ထည့်တဲ့ ဆေးမျိုးက ထိရောက်ပါသလား။**

-စိတ်ချရပါတယ်။ ထိရောက်ပါတယ်။ ဘေးထွက်ဆိုးကျိုး သက်သာစေအောင် တီထွင်ထားတာဖြစ်တယ်။

**၂၁။ ကိုယ်ဝန်တား ကပ်ခွါဆေးက လူကောင်ကြီး-ငယ်သူတွေကို ဘယ်လိုထူးခြားစေသလဲ။**

-လူအရွယ်အစားမရွေး အတူတူ အသုံးကျထိရောက်ပါတယ်။ ပေါင် ၁၉၈ ပေါင်ထက်များသူတွေမှာ ထိရောက်မှုနည်းတာ တွေ့လာရတယ်။ Low-dose oral contraceptives ဆေးအဆလျှော့ထားတဲ့ စားဆေးလည်း ဒီသဘောအတိုင်းဖြစ်တယ်။ အဲလို လူကောင်သိပ်ကြီးမားသူတွေအတွက် IUCD နည်း သုံးသင့်တယ်။

**၂၂။ Norplant အသစ်ပေါ်နေပြီဆို။**

- Six rods Norplant system (Implanon) ကိုယ်ဝန်တားဆေးချောင်း အရေပြားအောက်မှာထည့်နည်း ပေါ်တာကြာပါပြီ။ ၆ ချောင်းထည့်တယ်။ အခု Single-rod implant တစ်ချောင်းတည်းနည်း ပေါ်လာပြန်ပါပြီ။ ၉၉% ထိရောက်တယ်။ ၃ နှစ်အထိ ထားလို့ရတယ်။

**၂၃။ လိင်စိတ်နည်းစေတယ်ဆိုတာ ဟုတ်ပါသလား။**

- ဆေးမှန်သမျှ ဘေးထွက်ဆိုးကျိုးရှိတာချည်းပါပဲ။ ကိုယ်ဝန်တားဆေးတွေရဲ့ ဘေးထွက်ဆိုးကျိုးတွေကို လေ့လာနေကြတာ အနှစ် ၄၀ ကျော်ရှိသွားပါပြီ။ လိင်စိတ်အပေါ် သက်ရောက်မှုကိုလည်း လေ့လာပါတယ်။ လတ်တလော ဆန်းစစ်မှုအရ စားဆေး၊ ကပ်ခွာဆေး၊ ဆေးကွင်း၊ ထိုးဆေးတွေ အားလုံးကနေ အများစုသော အမျိုးသမီးတွေမှာ လိင်စိတ်မနည်းတာ တွေ့ရပါတယ်။ ကျန်အမျိုးသမီးကြီးငယ်တွေမှာ တချို့ လိင်စိတ် နည်းကြတယ်။ တချို့မှာများကြတယ်။ ဘာလို့ဖြစ်ကြရတယ်ဆိုတာ မရှင်းပါ။

**၂၄။ ရာသီတောက်လျှောက်မဆင်းအောင် တားဆေးနဲ့လုပ်လို့ရသလား။**

- မှန်မှန်သောက်တဲ့သူဆိုရင် ရတယ်။ Depo-Provera, IUCD, Vaginal ring တွေကလည်း ရာသီနည်းစေတယ်။ အမေရိကန်သူတွေ ၄၄% ရာသီမဆင်းအောင် နေကြတယ်။ (ဟန်းနီးမွန်း) ထွက်တာ၊ အားကစားပြိုင်ပွဲဝင်တာ၊ အလုပ်မရှုတ်ချင်လို့၊ ရာသီမလာခင် ဖြစ်တတ်တာတွေမဖြစ်အောင်လို့၊ စတဲ့ဆန္ဒတွေကြောင့် တမင်လုပ်ကြတယ်။

**၂၅။ Latex condoms အများသုံး(လေးတက်စ်)နဲ့ လုပ်ထားတဲ့(ကွန်ဒွမ်)နဲ့မတည့်ရင်ဘယ်ဟာသုံးမလဲ။**

- ၂ နည်းရှိတယ်။ (၁) Female condoms အမျိုးသမီးသုံး (ကွန်ဒွမ်)က Polyurethane နဲ့ လုပ်ထားတယ်။ အသေအချာသုံးတတ်ရင် ၉၅% ကာကွယ်နိုင်တယ်။ FC Female Condom ခေါ်တယ်။ (၂) Polyurethane male condoms ယောကျ်ား (ကွန်ဒွမ်)ကို သုံးနိုင်တယ်။ Avanti နဲ့ Trojan Supra ခေါ်တယ်။

**Dr. တင့်ဆွေ၏ အင်တာနက်စာမျက်နှာမှ ကူးယူဖော်ပြသည်။**

မြစ်ကြီးနားသတင်းဂျာနယ်
www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal
( ဇွန် ၂၂ - ဇွန် ၂၈ ၊ ၂၀၁၈ )

# နိုင်ငံရေးမုန်တိုင်းကြားမှ ပရဆေးပစ္စည်းများ

အင်ခိုင်ဘွမ်

ကချင်ပြည်နယ်သည်အဖိုးတန်ပရဆေးပစ္စည်းများထွက်သည့် ဆေးဥယျာဉ်ကြီးဖြစ်သည်။ ထိုအဖိုးတန်များထဲတွင် မရှော့ပင်လည်း အပါအဝင်ဖြစ်သည်။ မရှော့ရွက်သည် အဆိပ်အတောက်အလွန်နိုင်သည်။ အစာအဆိပ်ဖြစ်လျှင် မရှော့ရွက်ကို အရည်ကျိုသောက်လျှင် ပျောက်သည်။ ခွေးရူးကိုက်ခြင်း၊ အခြားအဆိပ်ကောင်များ ကိုင်ခြင်းကိုပင် မရှော့ရွက်နှင့်ကုလျှင် ပျောက်သည်ဟုဆိုသည်။ အနာကို မရှော့ရွက်မီးကင်ကပ်လျှင် အနာပျောက်သည်။ မရှော့ရွက်လိမ်းဆေးဖြင့် ကားမှောက်၍ လက်ကျိုး၊ ခြေကျိုးများကိုကုသည်။ လိမ်ခေါင်းရောဂါကုသည်။ အရက်မူး၊ လေမူး၊ သွေးတိုးမူး ထိုအရွက်ကို ဝါးစားပါက ပျောက်ကင်းသည်။

ပေ ၅၀၀၀ အထက်တွင် ပေါက်၍ အရွက်နှစ်ရွက်ထွက်သော မရှော့ပင်ကို မသေဆေးဟု ခေါ်သည်။ နတ်ဆေးတမျှ အစွမ်းထက်ပြီး ရေခဲထဲတွင် ပေါက်သည်။ အဆိပ်မှန်သမျှကိုနိုင်နင်းသည့်အပြင် အတွင်းကိုယ်ခံအားကိုပါ တိုးတက်စေသည်။ ပူတာအိုခရိုင်မြောက်ပိုင်း နောင်မွန်၊ အထက်တိဘက်နယ်စပ်များတွင် ရှိတတ်သည်ဟုဆိုသည်။ အခြား မရှော့အပင် နှစ်မျိုးမှာလည်း သူ့အစွမ်းနှင့်သူ ထက်ကြသည်ပင်။ စပါးကြီးသည်းခြေ၊ ဝက်ဝံသည်းခြေ၊ မိချောင်းသည်းခြေတို့မှာလည်း နှလုံးအားဆေး၊ အစာကြေလေနိုင်ဆေးဖြစ်သလို အစာချေဖျက်အားကောင်းသည့် အစွမ်းထက်ဆေးများ ဖြစ်ကြသည်။



သမ္မတကြီးဦးနေဝင်း



ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်ကြီးတင်ဦး

၁၉၇၆ ခုနှစ်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှာ ဗိုလ်ချုပ်ကြီးတင်ဦးဖြစ်သည်။ သမ္မတကြီးဦးနေဝင်း၏ စိတ်ငြိုငြင်ခြင်းကိုလည်း ခံနေရချိန်ဖြစ်သည်။ ထိုစဉ်က ဗိုလ်ချုပ်ကြီး၏အသက် ၁၀ နှစ်အရွယ်သားငယ်မှာ ကျန်းမာရေး အလွန်ဆိုးရွားနေချိန် ဖြစ်သည်။ မွေးရာပါနှလုံးရောဂါကြောင့် အသက် ၅ နှစ်အရွယ်တွင်လည်း လန်ဒန်သို့သွား၍ ဆေးကုသခံယူခဲ့ပြီးဖြစ်သည်။ နှလုံးမှသွေးဝင်ပေါက်နှင့်သွေးထွက်ပေါက်တွင်သွေးကြောအတွင်း ပိတ်ရမည့်အပေါက်က ပွင့်၍ ပွင့်ရမည့်အပေါက်က ပိတ်နေခြင်းဖြစ်သည်။ ယခုလည်း ဆေးတိုက်၍ပင်မရသဖြင့် လည်ပင်းကိုဖောက်၍ ဆေးသွင်းပေးရသည်။ အသက်ရှူမဝသဖြင့် အောက်စီဂျင်ပေးနေခဲ့ရသည်။ ထိုစဉ်က ကာကွယ်ရေးစီးချုပ်၏သားငယ် ဆေးကုသရန်အတွက် စစ်ဆေးရုံတွင် တက်ရောက်နေသော သမ္မတကြီးဦးနေဝင်း၏သားဖြစ်သူဦးကျော်သိန်းမှာ VIP အခန်းမှ ပြောင်းခဲ့ရသည်။ ဗိုလ်ချုပ်ကြီးတင်ဦးလည်း သမ္မတကြီးစိတ်ဆိုးမည်စိုးသဖြင့် ဆေးရုံအုပ်ကြီးကို သင့်တော်ရာအခန်းတွင် မိမိသားငယ်ကိုထားပေးရန်အကျိုးအကြောင်း ပြောပြခဲ့သည်။ သို့သော်အချိန်လွန်သွားခဲ့ပြီဖြစ်သည်။ "ငါ့သားရင်းကိုတောင် ဒီလိုအနိုင်ကျင့် လုပ်ရက်ရသလား"ဟု သမ္မတကြီးက အမြတ်ထွက်ခဲ့သည်။

ဗိုလ်ချုပ်ကြီးတင်ဦး၏ သားငယ်မှာ စစ်ဆေးရုံတွင် လုံးဝသက်သာလာခဲ့ခြင်း မရှိပေ။ ဆရာဝန်ကြီးများက လက်လျှော့လိုက်ပြီ။ နာရီပိုင်းအတွင်းသာ အသက်ရှင်နိုင်တော့မည်ဟု ဆိုကြသည်။ ဗိုလ်ချုပ်ကြီးလည်းကလေးကိုကားပေါ်တင်ခေါ်၍ ရွှေတိဂုံဘုရားကို တစ်ပတ်ပတ်သည်။ ကလေး၏လက်ကို လက်အုပ်ချီဟန်ဖြင့် ဘုရားကို ကန်တော့စေခဲ့သည်။ ထို့နောက် အိမ်ပြန်လာ၍ ကလေး၏အခြေအနေကို စောင့်ကြည့်နေရတော့သည်။ အိမ်ကို လူမမာလာမေးသည့် အမျိုးသမီးမိတ်ဆွေများက "နိုင်ငံခြားဆေးနည်းဖြင့် ကုသလို့ဖြင့် မရတော့ပြီ။ သည်တော့ ကျွန်မတို့မြန်မာဆေးနည်းဖြင့် ကုသကြည့်ပါရစေ"ဟု ဆိုသည်။ အမျိုးသမီးတစ်ဦးအကြံပေးသည့် အသက်ကယ်ဆေးမှာမရှော့ရွက်၊ ဝက်ဝံသည်းခြေနှင့် စပါးကြီးသည်းခြေတို့ကို ကြိတ်ပြီး လူနာ၏လျှာကို ပွတ်ရန်ဖြစ်သည်။ ဝမ်းထဲသို့လည်း အနည်းငယ် ထည့်မည်။

ကာကွယ်ရေးဦးစီးချုပ်လည်း နောက်ဆုံးမျှော်လင့်ချက်ဖြင့် ထိုဆေးပစ္စည်းများကို အပူတပြင်း လိုက်ရှာရတော့သည်။ ကချင်ပြည် မြောက်ဖျားပိုင်းရှိ မရှော့ရွက်ကို ကချင်တိုင်းရင်းသားခေါင်းဆောင်ဦးဒိန်ရတန်ထံမှရရှိခဲ့သည်။ ထိုစဉ်က ဦးဒိန်ရတန်မှာ နောင်မွန်းလွှတ်တော်ကိုယ်စားလှယ်မှ နိုင်ငံတော်ကောင်စီဝင်အဖြစ် တာဝန်ထမ်းဆောင်နေချိန်ဖြစ်သည်။ ကာကွယ်ရေးဦးစီးချုပ်နှင့်လည်း အိမ်နီးချင်းဖြစ်သဖြင့် မရှော့ရွက်ဖြင့်ကူညီနိုင်ခဲ့ခြင်း ဖြစ်သည်။ ဝက်ဝံသည်းခြေကိုလည်း ရှာတွေ့ခဲ့သည်။ ခက်နေသည်မှာ ဝက်ဝံသည်းခြေဖြစ်သည်။ "ငါ့ကို ဝက်ဝံသည်းခြေ လက်ဆောင်လာပေးသွားတယ်ကွာ၊ ဝက်ဝံသည်းခြေက အတောင့်ပဲကွာ၊ လောလောဆယ်တော့ ငါလည်း ဒီဝက်ဝံသည်းခြေကို ဘာမှသုံးစရာမရှိလို့ သိမ်းထားတယ်၊ မင်းတို့အသုံးတည့်တဲ့သူရှိရင် ယူကြပေါ့ကွာ"ဟု ပြောခဲ့ဖူးသော သမ္မတကြီးဦးနေဝင်း၏စကားကို သတိရမိလိုက်သည်။

ကာကွယ်ရေးစီးဦးချုပ်သည် သမ္မတကြီးအိမ်သို့သွား၍ ဝက်ဝံသည်းခြေတောင်းလေသည်။ "ဗိုလ်ချုပ် သားလေးဆုံးတော့မယ်"ဟု ပြောလိုက်သည်။ သမ္မတကြီးက "အေးကွာ စိတ်မကောင်းဘူး" ဟုဆိုကာ ဝက်ဝံသည်းခြေကို တစ်ဝက်ဝက်၍ ပေးလိုက်သည်။ ကာကွယ်ရေးဦးစီးချုပ်လည်း ဝမ်းသာအားရအိမ်ကို ပြန်ခဲ့သည်။ မရှော့ရွက်၊ ဝက်ဝံသည်းခြေ၊ စပါးကြီးသည်းခြေ စသည်ဖြင့် ဆေးအစုံအလင်ရပြီးဖြစ်၍သွေးပြီး လူနာ၏လျှာကို ပွတ်သည်။ ဝမ်းထဲကိုလည်း တိုက်ပေးလိုက်သည်။ ထိုသို့ တိုက်ပြီးနောက် နာရီအနည်းငယ်အကြာတွင် လူနာက အစာတောင်းလေသည်။ လူနာသည်အစာစားပြီးနောက်လန်းလန်းဆန်းဆန်းဖြစ်လာသည်။ စကားလည်း ပြောနိုင်လာခဲ့သည်။ ကာကွယ်ရေးဦးစီးချုပ်လည်း သားဖြစ်သူကိုဆက်လက်ဆေးကုသမှု ခံယူနိုင်ရန် လန်ဒန်သို့ ပို့လိုက်နိုင်ခဲ့လေတော့သည်။

မှတ်ချက်။ ။ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်ကြီးတင်ဦး (ယခု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယကကြီး)၏ သားငယ်သည် လန်ဒန်တွင်ပင် ဆေးကုသရင်း ကွယ်လွန်ခဲ့လေသည်။ ကွယ်လွန်ပြီးမကြာမီ ဗိုလ်ချုပ်ကြီးတင်ဦးလည်း တာဝန်မှ အနားပေးခံရလေသည်။ အကျယ်ကို မြန်မာ့ဒီမိုကရေစီခရီးနှင့် သူရဦးတင်ဦး စာအုပ်ဒုတွဲတွင် ဖတ်ရှုနိုင်ပါသည်။

# ပူတာအို နမ်ထွမ်ရေအားလျှပ်စစ် စတင်ဖြန့်ဖြူးပြီ



ပူတာအို၊ ဇွန် ၁၆

ပူတာအိုမြို့တွင် နမ်ထွမ်ရေအားလျှပ်စစ် ဓာတ်အားလိုင်းကို ဇွန်လ ၁၅ ရက်နေ့မှစတင်ကာ ၂၄ နာရီဖြန့်ဖြူးပေးဝေနေပြီ ဖြစ်သည်။

နမ်ထွမ်ချောင်းမှ ထုတ်ယူသည့် အဆိုပါရေအားလျှပ်စစ်ဓာတ်အားပေးရုံမှ ၃ ဒသမ ၂ မီဂါဝပ်ထုတ်လွှတ်ပေးမည်ဖြစ်ကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာမှူး ဦးတင့်လွင်ဦးထံမှ သိရသည်။

လတ်တလောတွင် ဓာတ်တိုင်အခက်အခဲကြောင့် ပူတာအိုမြို့နယ်အတွင်းမှ ကျေးရွာအားလုံးသို့ ပေးဝေနိုင်ခြင်းမရှိသေးဘဲ တစ်ဝက်ခန့်ဖြစ်သည့် ၂၂ ရွာကိုသာ ပေးဝေနိုင်သေးကြောင်း၊ မချမ်းဘောမြို့နှင့် ယင်းမြို့နယ်မှ ကျေးရွာသုံးရွာသို့လည်း ဖြန့်ဖြူးပေးဝေနေကြောင်း၊ ၎င်းတို့အနေဖြင့် ပူတာအိုမှ၁၅မိုင်အကွာအဝေးထိသာပေးဝေရန် ကနဦးလျာထားကြောင်းလည်း ဦးတင့်လွင်ဦးက ပြောသည်။

" စက်ကြီးလေးလုံးနဲ့ တစ်လှည့်စီ ၂၄ နာရီပေးဝေမှာပါ။ အခုလောလောဆယ်တော့ဖွင့်ပွဲလည်း မလုပ်နိုင်သေးဘူး။ ရွာတွေအားလုံးကိုလည်းမပေးနိုင်သေးဘူး။ ဒါတွေကတော့ တစ်နှစ်ပြီးတစ်နှစ် တိုးချဲ့ပြီး လုပ်ဆောင်သွားမှာပါ"ဟု ဦးတင့်လွင်ဦးက ပြောသည်။

မီတာခအနေဖြင့် အိမ်သုံးအတွက် တစ်ယူနစ်လျှင် ၃၅ ကျပ်နှုန်း၊ လုပ်ငန်းသုံး ၇၅ ကျပ်ကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါရေအားလျှပ်စစ်စီမံကိန်းကို ၂၀၁၄ ခုနှစ်ကစတင်အကောင်အထည်ဖော်တည်ဆောက်ခဲ့ခြင်းဖြစ်ကာ ၂၀၁၈ ခုနှစ် ဇွန်လ ၁၅ ရက်တွင် ဖွင့်လှစ်ခဲ့ခြင်း ဖြစ်သည်။

အောင်ခမ်း(ပူတာအို)

# သဘာဝထိန်းသိမ်းရေးနယ်မြေများကာကွယ်ရေးဥပဒေပါ အချက်အချို့သည် ကချင်ပြည်နယ်၏ သုံးပုံနှစ်ပုံကို သိမ်းပိုက်ထားသည့်အတွက် ပြင်ဆင်ပေးရေး ဆက်လက်ကြိုးပမ်းသွားမည်ဟု ကေအင်န်စီပါတီပြော

ဇွန် ၁၈

မေလ ၂၁ ရက်က နိုင်ငံတော်သမ္မတလက်မှတ်ရေးထိုး ပြင်ဆင်လိုက်သည့် ဇီဝမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေတွင် အနာဂတ် ဖက်ဒရယ်ပြည်ထောင်စု အုပ်ချုပ်ရေးအတွက် အဟန့်အတား ဖြစ်နေသော အချက်သုံးချက်ပါဝင်နေသဖြင့် ထိုအချက်များကို ဆက်လက်ပြင်ဆင်ရန် လက်မှတ်ရေးထိုးကန့်ကွက်ပွဲ ပြုလုပ်သွားမည်ဟု ကချင်အမျိုးသားကွန်ဂရက်ပါတီ(KNC)၏ ဇွန်လ ၁၅ ရက်က ထုတ်ပြန်သောအသိပေးကြေညာစာတွင် ပါဝင်သည်။

ယင်းဥပဒေပြင်ဆင်ရန် လိုအပ်သည့်အကြောင်းမှာ ကချင်ပြည်နယ် အကျယ်အဝန်း၏ ၃ ပုံ ၂ ပုံသည် သဘာဝထိန်းသိမ်းနယ်မြေ ၁၀ ခုထဲ ပါဝင်သွားသည့်အတွက် နိုင်ငံရေးအရ အနာဂတ်ဖက်ဒရယ်ပြည်နယ်အုပ်ချုပ်မှုကို အဟန့်အတားဖြစ်စေသောကြောင့် ဖြစ်သည်ဟု ဆိုသည်။

"အဲဒီလိုလုပ်သွားတော့ နောက်ဆိုရင်ကျွန်တော်တို့ ပြည်နယ်ကို ဖယ်ဒရယ်ပြည်ထောင်စုရရင် ပြန်လည်ပြင်ဆင်ဖို့လုပ်ရင် ပြင်ဆင်ဖို့နေရာမရှိဘူးဖြစ်နေတယ်။ ဒါကြောင့်ဥပဒေဘက်ကနေ့ ကာကွယ်သွားဖို့ လုပ်နေတာဖြစ်တယ်။ ပြီးတော့ ဒီပြင်ဆင်ချက်တွေကို တချို့ပြည်သူတွေနားမလည်ကြဘူး။ ပြည်သူတွေနားလည်ဖို့အတွက် Campaign လုပ်သွားမှာဖြစ်ပါတယ်" ဟု Mကောန်လက ပြောသည်။

လတ်တလော ပြင်ဆင်လိုက်သည့်ဥပဒေတွင် ၎င်းတို့ ၂၀၁၇ ခုနှစ်က တောင်းဆိုခဲ့သော အချက်ခြောက်ချက်အနက်မှ သုံးချက်ကိုသာ ပြင်ဆင်ပေးခဲ့သဖြင့် ကျန်သုံးချက်ကို ဆက်လက်ပြင်ဆင်ရေး ကြိုးပမ်းသွားမည်ဟု ကချင်အမျိုးသားကွန်ဂရက်ပါတီ ဥက္ကဋ္ဌ ဒေါက်တာ M ကောန်လက ပြောဆိုခဲ့ခြင်း ဖြစ်သည်။

"ကျွန်တော်တို့ အဲဒီလို စုပေါင်းကြိုးစားတင်ပြခဲ့တဲ့ ဥပဒေပြင်ဆင်ချက် ၆ ချက်ထဲက ၃ ချက်ကိုတော့ အောင်မြင်မှုရရှိခဲ့ပါတယ်။ ကျန်တဲ့ ၃ ချက်ကိုတော့ အသိမှတ်ပြုမခံရပါဘူး။ ဒါပေမယ့် ကျွန်တော်တို့ဆက်လက်ပြင်ဆင်နိုင်ဖို့ လုပ်သွားမှာပါ"ဟု ပြောသည်။

ကချင်ပြည်နယ်သားများအတွက် အဟန့်အတားဖြစ်နေသော ယင်းဥပဒေပါ အချက် ၆ ချက်ကို ပြင်ဆင်ပေးရန် ၂၀၁၇ ခုနှစ်အတွင်းက ယင်းပါတီနှင့် Kachin Lawyer Group၊ ရဝမ်၊ လီဆူ၊ ဂျိန်းဖော့၊ လချိဒ်၊ ဇိုင်ဝါး၊ လော်ဝေါ်မျိုးနွယ်စု စာပေနှင့် ရိုးရာယဉ်ကျေးမှုအဖွဲ့များမှ ကိုယ်စားလှယ်များ ပူးပေါင်းကာ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် အဆင့်ဆင့်သို့စုပေါင်းတင်ပြခဲ့ကြကြောင်း သိရသည်။

ပြင်ဆင်ရန်တင်ပြခဲ့သော အချက်များမှာ နံပါတ်(၁)ပုဒ်မ ၄(က)ပါဗဟိုအဆင့်တွင်သက်ဆိုင်ရာ ပြည်နယ်/တိုင်းမှ ဒေသခံ တိုင်းရင်းသားပါဝင်ရေး၊ (၂) အခန်း ၁၁ ပါ ပြစ်မှုပြစ်ဒဏ်မမျှတမှုများ ပြင်ဆင်ရေး၊ (၃) အခန်း ၁၂ မှ ရိုးရာအသုံးအဆောင်သုံးစွဲမှုကင်းလွတ်ခွင့်၊ (၄)ပုဒ်မ ၉(င)ပါ နယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေး ထိခိုက်နစ်နာမှုများကို စုံစမ်းစစ်ဆေးရေးအဖွဲ့တွင် ဒေသခံပြည်သူပါဝင်ခွင့်ရရှိရေး၊ (၅) ပုဒ်မ ၁၁(က)ပါ တည်ထောင်ထားသည့် တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်များ ကြီးကြပ်ရေးအဖွဲ့တွင် ဒေသခံပြည်သူပါဝင်ရေး၊ (၆)ပုဒ်မ၄၅(ဃ)သဘာဝထိန်းသိမ်းနယ်မြေအတွင်း ဒေသခံပြည်သူများ ကျူးကျော်ဘ၀ ကျရောက်သွားပြီးရက်ပေါင်း ၃၀ အတွင်းဖယ်ရှားရေးတို့ဖြစ်ကြောင်း သိရသည်။

တင်ပြခဲ့သည့်အချက် ၆ ချက်အနက် နံပါတ် (၁)မှ(၃) အထိတင်ပြချက်များကို အသိမှတ်ပြုမခံခဲ့ရဘဲ ကျန်အချက် ၃ ချက်ကို ပြင်ဆင်ပေးခဲ့ကြောင်း ဒေါက်တာ M ကောန်လက ပြောသည်။

ပြည်သူအားလုံး၏ အကျိုးကို ကြိုတင်မှန်းဆသိမြင်ပြီး လုပ်ဆောင်နေသည့် ဥပဒေပြင်ဆင်ရေးကိစ္စများ အောင်မြင်စေရန်အတွက် ပြည်နယ်သူ၊ ပြည်နယ်သားလည်း KNC ပါတီနှင့်အတူ ဆက်လက်၍ ပူးပေါင်းဆောင်ရွက်စေလိုကြောင်း ဒေါက်တာ Mကောန်လက တိုက်တွန်းပြောကြားခဲ့သည်။

မွန်းမွန်းပန်

# ငှက်ပျောစိုက်ကုမ္ပဏီ တစ်ခုကို သစ်တောဥပဒေပုဒ်မ ငါးခုဖြင့် အမှုဖွင့်အရေးယူ

ဝိုင်းမော်၊ ဇွန် ၁၈

ဝိုင်းမော်မြို့နယ်၊ နန့်ဝါကြီး ဝိုင်းသစ်တောအတွင်း ခွင့်ပြုချက်မရဘဲ တရုတ်တစ်သျှူးငှက်ပျောခင်းများ ဝင်ရောက်စိုက်ပျိုးခဲ့သည့် မျိုးဆက်ကြယ်ပွင့်ကုမ္ပဏီအား ဇွန်လ ၁၂ ရက်က ဝိုင်းမော်မြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းကုမ္ပဏီသည် တရုတ်တစ်သျှူးငှက်ပျောစိုက်ပျိုးရန်အတွက် အဆောက်အဦများဆောက်လုပ်နေထိုင်ခြင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောအဖွဲ့မှ တောင်သူများစိုက်ပျိုးထားသော ကျွန်း၊ ပျဉ်းကတိုး၊ ယမနေ၊ မယ်ဇလီပင်များကို မီးရှို့ခုတ်ထွင်ရှင်းလင်းခြင်း၊စက်ယန္တရားများဖြင့် ဖျက်ဆီးခြင်းများ ပြုလုပ်ထားသည်ကိုစစ်ဆေးတွေ့ရှိရသဖြင့် အမှုဖွင့်ရခြင်းဖြစ်ကြောင်း သိရသည်။



ဝိုင်းမော်မြို့နယ်တွင် တရားမဝင်စိုက်ပျိုးထားသော ငှက်ပျောစိုက်ခင်း

"ဘယ်အချိန်ရုံးတင်မယ်ဆိုတာကို တော့မသိသေးဘူး။ ကျွန်တော်တို့သစ်တောဌာနက ရဲစခန်းမှာထွက်ဆိုဖို့ရှိသေးတယ်။ နန့်ဝါကျေးရွာက တောင်သူ ၇ ဦးကိုတော့ အသိသက်သေအနေနဲ့ ခေါ်ထားပါတယ်။ အဲဒီကုမ္ပဏီကဦးယိန်းချန်းနှင့် ပွဲစားလုပ်ပေးတဲ့ ဒေါ်တိန့်မျှော်တို့နှစ်ဦးကို အမှုဖွင့်တဲ့နေ့ကစပြီး ရဲစခန်းမှာချုပ်ထားပါတယ်"ဟု မြို့နယ်သစ်တောဦးစီးမှူး ဦးနိုင်လွင်က ပြောသည်။

အဆိုပါ မျိုးဆက်ကြယ်ပွင့်ကုမ္ပဏီကို ဝိုင်းမော်မြို့နယ်သစ်တောဦးစီးဌာနမှ တရားလိုပြုလုပ်ကာ မြို့မရဲစခန်းသို့ အမှုဖွင့် တိုင်တန်းသည့်အတွက် ရဲစခန်းက သစ်တောအက်ဥပဒေပုဒ်မ - ၄၀(က/ဂ/ဃ)၊ ၄၂(က)၊ ၄၃(က) စသည့်ပုဒ်မများဖြင့် အမှုလက်ခံရေးဖွင့်ခဲ့ကြောင်း သိရသည်။

ဒေသခံများ၏တိုင်ကြားချက်အရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးလဂန်ဇယ်ဂျုံး၊ ပြည်နယ်သစ်တောဦးစီးမှူး၊ ခရိုင်သစ်တောဦးစီးမှူး၊ ဝိုင်းမော်မြို့နယ် သစ်တောဦးစီးမှူး၊ ဒုမြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့မှဇွန်လ ၄ ရက်က သစ်တောမြေအတွင်းသို့ ဝင်ရောက်ကွင်းဆင်းစစ်ဆေးခဲ့ခြင်းကြောင့် ထိုသို့တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မျိုးဆက်ကြယ်ပွင့်ကုမ္ပဏီကလည်း နန့်ဝါဒေသခံတောင်သူ ဦးဖကောန်ဆိုင်းလီ၊ ဦးလနော့်လွမ်းဒေါင်၊ ဦးတလာမ်ယိန်းကို၊ ဦးလောဝ္ဝေဒိုင်ခေါင်၊ ဦးဂျွန်ဖောက်ဒေါင်ဇယ်၊ ဒေါ်လေးခက်အေးနှင့် ဒေါ်ချမ်းဇဲအစရှိသည့်တောင်သူ ၇ ဦးကို ဧပြီလ ၂၄ ရက်ကသိန်း ၂၀၀ ခိုးမှု၊ ပိုင်နက်ကျူးကျော်မှု၊ အကျိုးဖျက်ဆီးမှု၊ ခြိမ်းခြောက်ပြောဆိုမှုများဖြင့် တရားစွဲထားရာ ဇွန်လ ၂၈ ရက် တွင် ရုံးချိန်းခေါ်ထားကြောင်း သိရသည်။

ဒေသခံတောင်သူ ၇ ဦးနှင့် ဒေသခံတောင်သူများသည် မြေများသိမ်းဆည်းခံရသည့်အပြင် တရားစွဲဆိုခြင်းကိုလည်းခံရသည့်အတွက် ကူညီဖြေရှင်းပေးရန် ဝန်ကြီးချုပ်ထံ စာတင်ခဲ့ရာ ဖြစ်စဉ်နှင့်ပတ်သက်ပြီး ဇွန်လ ၁၈ရက် နေ့က ရဲစခန်း၌ ထပ်မံထွက် ဆိုကာ လက်မှတ်ရေးထိုးခြင်းများ ပြုလုပ်ခဲ့ကြောင်းသိရသည်။

တရုတ်တစ်သျှူးငှက်ပျောစိုက်ကုမ္ပဏီများသည် နန့်ဝါကျေးရွာတစ်ဝိုက်တွင် ကျေးရွာပိုင် ထင်းစိုက်ခင်းများနှင့်ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောမှ နိုင်ငံတော်ပိုင်ကျွန်းသစ်နှင့် အခြားသစ်များကို ခုတ်ထွင်ရှင်းလင်း မီးရှို့ဖျက်ဆီးကာ ၂၀၁၁ ခုနှစ်ကတည်းက ကျူးကျော်ဝင်ရောက် လုပ်ကိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နန့်ဝါသစ်တောကြိုးဝိုင်းဧရိယာအတွင်းရှိမြေများအနက်မှ ၇၅၉ ဒသမ ၆၅ ဧကကို ၂၀၁၄ ဒီဇင်ဘာ ၁၆ ရက်က ကျေးရွာပိုင်မြေအဖြစ်ပြောင်းလဲအသုံးပြုရန် ကြိုးဝိုင်းတောမြေအဖြစ်မှ ပယ်ဖျက်ပေးလိုက်သဖြင့် ကြိုးဝိုင်းအကျယ်မှာ စုစုပေါင်း ၃၀၈၀ ဒသမ ၃၅ ဧကရှိကြောင်း သိရသည်။

မွန်းမွန်းပန်

# ဘက်ပေါင်းစုံမှ ထိုးနှက်ခံနေရသည့် မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်

ရာပြည့် ဘာသာပြန်သည်

အခက်အခဲများကြားမှရုန်းကန်နေရသော ၂၁ ရာစုပင်လုံ ငြိမ်းချမ်းရေးဆွေးနွေးပွဲ လုပ်ငန်းစဉ်ကို မြန်မာနိုင်ငံက နောက်တစ်ကြိမ်ထပ်မံခေါ်ယူကျင်းပနိုင်ဦးလေမလား။ တတိယအကြိမ်မြောက် တွေ့ဆုံဆွေးနွေးပွဲကို မူလက ဇန်နဝါရီလအတွင်း ကျင်းပရန် စီစဉ်ထားခဲ့သော်လည်း နောက်ပိုင်းတွင် မေလအထိ ရွှေ့ဆိုင်းခဲ့ရသည်။ သို့ရာတွင် မေလကုန်ဆုံးချိန် ရောက်သည့်တိုင် အောင်ပင် အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့တို့အကြား မကြာမီကာလအတွင်း ဆွေးနွေးပွဲ ပြန်လည်ကျင်းပရေး အရိပ်အယောင်များ ထင်ရှားစွာ ထွက်ပေါ်လာခြင်း မရှိသေးပေ။






တိုးတက်မှု အရှိန်တန့်နေသော ငြိမ်းချမ်းရေးအစီအစဉ်သည် ယခင်က နိုင်ငံရေးအကျဉ်းသားတစ်ဦး ဖြစ်ခဲ့ပြီး နိုဘယ်လ်ငြိမ်းချမ်းရေးဆု ရရှိထားသော အမျိုးသားခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ မူဝါဒဆိုင်ရာ အမှတ်လက္ခဏာလည်း ဖြစ်သည့်အပြင် လူအများကလည်း ဒေါ်အောင်ဆန်းစုကြည်သည် နှစ်ပေါင်းခြောက်ဆယ်ကျော် ကြာမြင့်နေပြီဖြစ်သော ပြည်တွင်းစစ်ကို အဆုံးသတ်နိုင်စေမည့် တစ်မျိုးသားလုံး သဘောတူညီချက်တစ်ရပ်အား ပုံဖော်ထုဆစ်ပေးနိုင်လိမ့်မည်ဟု မျှော်လင့်ထားကြပေသည်။

သို့ရာတွင် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်အတွင်းကျင်းပခဲ့သော တွေ့ဆုံဆွေးနွေးမှု နှစ်ကြိမ် အတောအတွင်းနှင့် ဆွေးနွေးပွဲများ ကျင်းပပြီးနောက်တွင် အငြင်းပွားဖွယ်ပြဿနာများ အမြောက်အများထွက်ပေါ်လာခဲ့ရသဖြင့် ဆွေးနွေးပွဲများ ကျယ်ပြန့်စွာ မကျင်းပရသေးမီမှာပင် စိုးရိမ်ပူပန်မှုအချို့ကြောင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ လုပ်ငန်းစဉ်မှာ မတိုးသာ မဆုတ်သာ ဖြစ်ခဲ့ရသည်။

ဒေါ်အောင်ဆန်းစုကြည်၏ အစိုးရအဖွဲ့က လက်နက်ကိုင်အစုအဖွဲ့ အနည်းငယ်ကိုသာ စည်းရုံးဆွဲဆောင်နိုင်ခဲ့သော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူညီချက် (Nationawide Ceasefire Agreement- NCA) တွင် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များအား ပါဝင်လက်မှတ်ရေးထိုးစေလိုသည်။

NCA တွင် ပါဝင်လက်မှတ်ရေးထိုးရန် ငြင်းဆိုကြသော တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့ကိုယ်စားလှယ်များက မြန်မာနယ်စပ်ဒေသများ၌ Asia Times သတင်းဌာနနှင့် သီးခြားစီ တွေ့ဆုံမေးမြန်းခန်းပြုလုပ်ရာတွင် ယင်းတို့အနေဖြင့် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ရမည့် မည်သည့်သဘောတူညီချက်ကိုမျှ လက်မှတ်ပါဝင်ရေးထိုးခြင်းမပြုမီ၊ ဖက်ဒရယ်ပြည်ထောင်စုတစ်ရပ်ဖော်ဆောင်ရေးသဘောတူညီချက်တစ်ရပ် ရရှိရန် လိုအပ်သည်ဟု ဆိုကြသည်။

မြန်မာနိုင်ငံ၏ စွမ်းအားထက်မြက်ပြီး ကိုယ်ပိုင်အုပ်ချုပ်ရေးရရှိထားသော တပ်မတော်ကမူ ကွဲပြားသော အမြင်ရှိနေပေသည်။ မတ်လ ၂၇ ရက်နေ့တွင် ကျရောက်သော တပ်မတော်နေ့အခမ်းအနား၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအား ထိန်းသိမ်းစောင့်ရှောက်ရေးကိုဦးစားပေးဆောင်ရွက်နေဆဲပင် ဖြစ်ကြောင်း ရှင်းလင်းစွာ ပြောကြားခဲ့သည်။ ၂၀၀၈ ခုနှစ်အတွင်း ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပကာ အတည်ပြုထားခဲ့သော အဆိုပါဖွဲ့စည်းပုံအခြေခံဥပဒေတွင် တစ်ပြည်ထောင်စနစ်ကိုသာ တရားဝင်အတည်ပြုဖော်ပြထားပြီး ဖက်ဒရယ်နိုင်ငံအဖြစ် ဖော်ပြထားခြင်းမရှိပေ။

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ယခင်ကမိန့်ခွန်းများတွင်လည်း လက်နက်ကိုင်လမ်းစဉ် စွန့်လွှတ်ခြင်း၊ လက်နက်ကိုင်တပ်ဖွဲ့များ ဖျက်သိမ်းခြင်းနှင့် ပြန်လည်ပေါင်းစည်းခြင်း (Disarrangement, Demobilization and Reintegration- DDR) သည်သာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ ကျောရိုးမဏ္ဍိုင်ဖြစ်သည်ဟု ဆိုသည်။

အစိုးရအဖွဲ့နှင့် တပ်မတော်အကြား သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်နေဟန်ရှိခြင်းကလည်း မြန်မာ့နိုင်ငံရေးပန်းချီကားချပ်ကို ပိုမို၍ ရှုပ်ထွေးစေသည်။ မတ်လ ၃၀ ရက်နေ့က ပြောကြားခဲ့သော သမ္မတသစ်ဦးဝင်းမြင့်၏ အဖွင့်မိန့်ခွန်း၌ ဒီမိုကရက်တစ်ဖက်ဒရယ်နိုင်ငံတော်တစ်ရပ် ထူထောင်နိုင်ရေးအတွက် အခြေခံအုတ်မြစ် ချမှတ်နိုင်စေရန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်ရေးမှာ သူ၏ဦးစားပေးတာဝန်များအနက်မှ တစ်ရပ်ဖြစ်သည်ဟု ဆိုခဲ့သည်။

ဖက်ဒရယ်မူဝါဒနှင့် ပြည်တွင်းစစ်ပွဲအတွက် နိုင်ငံရေးအဖြေတစ်ရပ်ဖော်ထုတ်နိုင်ရေးကို အစိုးရအဖွဲ့က ကတိကဝတ်ပြု ပြောကြားနေသော်လည်းတိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့များအနေဖြင့် နိုင်ငံရေးဆွေးနွေးပွဲမစတင်မီ NCA စာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးရမည်ဆိုသော တပ်မတော်၏ တောင်းဆိုမှုမှာလည်း နားမလည်နိုင်ဖွယ်ရာပင် ဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်သည် ထိုသို့ပြောင်းလဲမှုမရှိသော တင်းမာသည့်မူဝါဒကို တပ်မတော်ကျောထောက်နောက်ခံပြု၊ တပ်ထွက်သမ္မတဟောင်းဦးသိန်းစိန်ထံမှ လက်ဆင့်ကမ်းရယူခဲ့ခြင်းဖြစ်သည်။ ဦးသိန်းစိန်သည် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့က NCA စာချုပ်တွင် တိုင်းရင်းသားလက်နက်ကိုင် အစုအဖွဲ့ ရှစ်ဖွဲ့ပါဝင်လက်မှတ်ရေးထိုးနိုင်စေခဲ့သူဖြစ်သည်။ အဆိုပါရှစ်ဖွဲ့အနက် ကရင်အမျိုးသားအစည်းအရုံး(KNU)၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA)နှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)တို့ သုံးဖွဲ့သည်သာ လက်နက်ကိုင်တပ်ဖွဲ့များ အမှန်ဖြစ်ကြသည်။ ကျန်အစုအဖွဲ့ ငါးဖွဲ့မှာ လက်နက်ကိုင်တပ်ဖွဲ့များထက် အန်ဂျီအို(NGO) အဖွဲ့အစည်းများနှင့် သာပို၍အလားသဏ္ဍာန် တူညီကြသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား အရှိန်အဟုန်ဖြင့်ရှေ့သို့ ခရီးဆက်နေသယောင်ရှိပုံကို ထိန်းသိမ်းထားနိုင်ရန်အတွက် မွန်ပြည်သစ်ပါတီ (NMSP) နှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU)တို့ကို ဖေဖော်ဝါရီလအတွင်းက NCA တွင် ပါဝင်လက်မှတ်ရေးထိုးစေခဲ့သည်။ မွန်ပြည်သစ်ပါတီမှာ လက်နက်ကိုင်တပ်ဖွဲ့တစ်ရပ် ဖြစ်သော်လည်း လားဟူဒီမိုကရက်တစ်အစည်းအရုံးမှာမူ အဓိကအားဖြင့် ထိုင်းနိုင်ငံအခြေစိုက် တိုင်းရင်းသားရေးအခြေပြု အင်ဂျီအိုအဖွဲ့အစည်းတစ်ရပ်မျှသာ ဖြစ်သည်။

မြန်မာနိုင်ငံ၏ တိုင်းရင်းသားပဋိပက္ခများအား နှစ်ကာလကြာရှည်စွာ စောင့်ကြည့်လေ့လာနေသော အမည်မဖော်လိုသူတစ်ဦးက ထိုလုပ်ဆောင်ချက်တွင် မျှော်လင့်ချက်ကင်းမဲ့သည့် အရိပ်အယောင်များ ပါဝင်နေသည်ဟုဆိုသည်။ "အစိုးရအဖွဲ့က မရှိတဲ့တိုးတက်မှု ရှိသယောင်ဖြစ်စေချင်နေတာ"ဟုလည်း သူကဆိုသည်။

စင်စစ်တွင် အစိုးရအဖွဲ့က ထင်ရှားခြင်းမရှိသော အစုအဖွဲ့ငယ်များကို NCA တွင် ပါဝင်လာစေရန် ခေါ်ယူလာချိန်တွင် ခြိမ်းခြောက်နိုင်စွမ်းရှိသော လက်နက်ကိုင်တပ်ဖွဲ့သစ်များ ထပ်မံထွက်ပေါ်လာခဲ့သည်။

ရှမ်းပြည်နယ် မြောက်ပိုင်း၌ ပလောင်လူမျိုးစုတို့က တအာင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော် (TNLA)ကို လက်နက်ကိုင်အင်အား ငါးထောင်ခန့်ဖြင့် ဖွဲ့စည်းထူထောင်လာကြသည်။ ရခိုင်ပြည်နယ်အနောက်ပိုင်းတွင် တပ်ဖွဲ့သစ်ဟုဆိုနိုင်သော ရခိုင်တပ်မတော်(AA)သည်လည်း ခန့်မှန်းလက်နက်ကိုင်အင်အား နှစ်ထောင်မှသုံးထောင်ခန့်အထိ တိုးပွားလာခဲ့သည်။

TNLA သည် မူလက ကချင်လွတ်မြောက်ရေးတပ်မတော် KIA ၏ အကူအညီဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ KIA သည် နိုင်ငံမြောက်ဖျားတွင် တပ်မတော်နှင့် ပြင်းထန်သည့်တိုက်ပွဲများ ဆင်နွှဲနေသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဖြစ်သည်။ TNLA သည် KIA ထံတွင် စစ်သင်တန်းသုံးလတက်ရောက်ပြီးနောက် လူအင်အားလေးဆယ် လက်နက်နှစ်ဆယ့်ခုနှစ်လက်နှင့်အတူ ရှမ်းပြည်နယ် ရွှေလီမြစ်ကို ဖြတ်ကူးကာ လက်ရှိစခန်းချရာနယ်မြေသို့



ဝင်ရောက်အခြေချခဲ့သည်။

TNLA သည် နှစ်နှစ်ခန့်အတွင်းမှာပင် ကိုယ်ကျင့်တရားတာဝန်တစ်ရပ်နှင့်အတူ အန္တရာယ်ပေးနိုင်စွမ်းရှိသော တိုက်ခိုက်ရေးတပ်ဖွဲ့တစ်ရပ်အဖြစ်သို့ ရောက်ရှိလာခဲ့သည်။

"ဂရန်မာ (Gramma) ရွက်လှေကြီးလိုပါပဲ"ဟု TNLA အရာရှိတစ်ဦးက Asia Times သတင်းဌာနသို့ ရယ်မောပြောကြားခဲ့သည်။ ဂရန်မာရွက်လှေသည် ၁၉၅၆ ခုနှစ်အတွင်း ကျူးဘားတော်လှန်ရေးခေါင်းဆောင် ဖီဒယ်လ်ကတ်စ်ထရိုနှင့် ချီဂွေဗါးရားတို့က တော်လှန်ရေးတပ်သားအနည်းငယ်နှင့်အတူ မက္ကဆီကိုနိုင်ငံမှ ကျူးဘားနိုင်ငံသို့ သွားရောက်စဉ် စီးနင်းခဲ့သော ရွက်လှေ ဖြစ်သည်။ TNLA ၏ ခေါင်းဆောင်ပိုင်းတွင် ယခင်ဒေသတွင်းအစိုးရအရာရှိဟောင်းများ အပါအဝင် ပညာတတ်တိုင်းရင်းသား ပလောင်လူငယ်အများစု ပါဝင်သည်။

TNLA အဖွဲ့တိုးတက်မှုလျှင်မြန်ရခြင်းမှာ အဖွဲ့၏မူးယစ်ဆေးဝါးဆန့်ကျင်ရေး မူဝါဒများကြောင့် ဖြစ်ကြောင်း TNLA ပြောခွင့်ရပုဂ္ဂိုလ်က ဆိုသည်။ ရှမ်းပြည်နယ်မြောက်ဖျား၊ ဝေးလံခေါင်သီသော တောင်တန်းဒေသများတွင်နေထိုင်ကြသည်။ ပလောင်လူနေမှုအသိုင်းအဝန်းတို့မှာ ဒေသတွင်းအစိုးရအသိအမှတ်ပြုလက်နက်ကိုင်ပြည်သူ့စစ်အဖွဲ့များက ထုတ်လုပ်ရောင်းချသော ဘိန်းနှင့်မက်သာအမ်ဖက်တမင်း စသည့် တားမြစ်မူးယစ်ဆေးဝါးများကြောင့် အလုံးစုံပျက်စီးမှုကို ကြုံတွေ့ခံစားခဲ့ကြရပြီး ဖြစ်သည်။

TLNA အဖွဲ့က ဘိန်းခင်းများကို ဖျက်ဆီး၊ မူးယစ်ဆေးရောင်းဝယ်ဖောက်ကားသူများကို မောင်းထုတ်၊ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိနိုင်ရန်အတွက် တပ်မတော်အား သစ္စာခံကြောင်း၊ ကြေငြာထားသည့် လက်နက်ကိုင်ပြည်သူ့စစ်များကို အပြင်းအထန် တိုက်ခိုက်သည်။ ရှမ်းပြည်နယ်မြောက်ပိုင်း၌ ဒေသတွင်း မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားသည့် လက်နက်ကိုင်ပြည်သူ့စစ်အဖွဲ့တစ်ဖွဲ့က ထူထောင်ထားသည်ဟုဆိုကြသော၊ ကာစီနိုရုံတစ်ရုံကို TNLA အဖွဲ့က ထူထောင်ထားသည်ဟု ဆိုကြသော ကာစီနိုစက်ရုံကို TNLA အဖွဲ့က မေလ ၁၂ ရက်နေ့တွင် ဝင်ရောက်တိုက်ခိုက်ခဲ့ခြင်းမှာလည်းယင်းတို့၏ မူဝါဒကြောင့်ပင် ဖြစ်သည်။

ရခိုင်ပြည်နယ်အတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိရေးအတွက် တိုက်ပွဲဝင်နေသော ရခိုင်တိုင်းရင်းသားများဖြင့် စုစည်းထားသည့် ရခိုင်တပ်မတော်(AA) ကို ၂၀၀၉ ခုနှစ်တွင် စတင်ဖွဲ့စည်းထူထောင်ခဲ့သည်။ ၂၀၁၅ ခုနှစ်အတွင်းက ရှမ်းပြည်နယ်အရှေ့မြောက်ပိုင်းရှိ တိုင်းရင်းသားတရုတ်လူမျိုးတို့နေထိုင်ရာ ကိုးကန့်ခရိုင်တွင် တပ်မတော်နှင့် မြန်မာနိုင်ငံအမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော် (MNDAA) တို့အကြား ဖြစ်ပွားသောတိုက်ပွဲများအတွင်း MNDAA နှင့်အတူ AA တပ်ဖွဲ့သည်လည်း တွဲဘက်ပါဝင်ခဲ့ခြင်းဖြင့် ယင်းတို့၏ ပထမဆုံးသောစစ်ရေးလှုပ်ရှားမှုကို မြင်တွေ့ခဲ့ရသည်။

အောက်ပိုင်းတွင် AA တပ်ဖွဲ့က ယင်း၏ စစ်ရေးလှုပ်ရှားမှုဒေသကို ရခိုင်ပြည်နယ်အတွင်းသို့ ပြောင်းရွှေ့သွားခဲ့သည်။ အင်္ဂလိပ်ဘာသာစကားကို ကျွမ်းကျင်စွာပြောဆိုနိုင်သော AA တပ်ဖွဲ့ခေါင်းဆောင် ထွန်းမြတ်နိုင်ကို အင်တာနက်မှ ထုတ်လွှင့်သည့်များစွာသောတွေ့ဆုံခန်းဗီဒီယိုများတွင် မြင်တွေ့လာရပြီး အရည်အချင်းပြည့်မီသော စစ်သည်တစ်ဦးအဖြစ် ရှုမြင်ကြရသည်။

AA တပ်ဖွဲ့ က ယင်း၏စစ်ရေးလှုပ်ရှားမှုဒေသကို ရခိုင်ပြည်နယ်အတွင်းသို့ ပြောင်းရွှေ့သွားခဲ့သည်။ အင်္ဂလိပ်ဘာသာစကားကို ကျွမ်းကျင်စွာပြောဆိုနိုင်သော AA တပ်ဖွဲ့ခေါင်းဆောင် ထွန်းမြတ်နိုင်ကို အင်တာနက်မှ ထုတ်လွှင့်သည့်များစွာသော တွေ့ဆုံခန်းဗီဒီယိုများတွင် မြင်တွေ့လာကြရပြီး အရည်အချင်းပြည့်မီသော စစ်သည်တစ်ဦးအဖြစ် ရှုမြင်ကြရသည်။

AA တပ်ဖွဲ့ပေါ်ထွက်လာခြင်းသည် ရခိုင်ပြည်နယ်အတွင်း လက်ရှိဖြစ်ပွားနေသော ဘင်္ဂါလီပြဿနာအပေါ် ကြီးမားစွာ ဖိအားသက်ရောက်စေလျက်ရှိသည့် ရခိုင်အမျိုးသားဝါဒမြင့်မားလာရေးအတွက် တစ်တပ်တစ်အား ဖြစ်စေသည်။

AA တပ်ဖွဲ့က ထုတ်ပြန်သည့်ကြေငြာချက်များတွင်ဒေသတွင်းရှိ ဘင်္ဂါလီသူပုန်များအား၊ ဘင်္ဂါလီအရိုင်းအစိုင်းအကြမ်းဖက်သမားများဟု ခေါ်ဆိုခြင်းဖြင့် မြန်မာအစိုးရနှင့် တပ်မတော်တို့အား သံယောင်လိုက်ခဲ့သည်။ AA တပ်ဖွဲ့သည် အခြားသော တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များကဲ့သို့ပင် နိုင်ငံအတွင်း ဆင်းရဲမွဲတေပြီး လျစ်လျူရှုခံထားရသော အစိတ်အပိုင်းတစ်ရပ်ဖြစ်သည့် ရခိုင်ပြည်နယ်အတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရရှိရေးကိုသာ အဓိကလိုလားပေသည်။

အဆိုပါလက်နက်ကိုင် သူပုန်အဖွဲ့အစည်းနှစ်ရပ် လျင်မြန်စွာ ခေါင်းထောင်လာနိုင်ခြင်းမှာ ယင်းတို့၏ မဟာမိတ်အကြီးအကဲဖြစ်သော "ဝ"ပြည်သွေးစည်းညီညွတ်ရေး တပ်မတော်(UWSA)၏ တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့များဆီသို့ တရုတ်လက်နက်များ စီးဝင်မှုမှာအများအားဖြင့် ထင်သာမြင်သာမရှိသော်လည်း FPNCC အဖွဲ့များအပေါ် တရုတ်နိုင်ငံ၏ ဩဇာလွှမ်းမိုးမှုမှာမူ လူသိရှင်ကြားပင်ဖြစ်သည်။ မေလ ၁ ရက်နေ့က FPNCC အဖွဲ့ဝင်ကိုယ်စားလှယ်များကို တရုတ်နိုင်ငံတောင်ပိုင်း ခွန်းမင်မြို့သို့ ဆင့်ခေါ်ကာ တရုတ်နိုင်ငံခြားဝန်ကြီးဌာနမှ အရာရှိကြီးတစ်ဦးလည်းဖြစ် အထူးသံတမန်လည်းဖြစ်သည်။ Sun Gauxiang က တွေ့ဆုံခဲ့သည်။

တွေ့ဆုံပွဲအပြီးတွင် တရုတ်၊ မြန်မာ၊ နယ်စပ်ဒေသတစ်လျှောက်၌ တည်ငြိမ်မှုရရှိရေးအတွက် ပူးပေါင်းဆောင်ရွက်မှုပြုရန် အကြံပြုချက်များကို FPNCC ကိုယ်စားလှယ်က ထောက်ခံဆွေးနွေးခဲ့ကြကြောင်း ဖော်ပြခဲ့သည်။

မကြာမီကျင်းပမည့် ၂၁ ရာစုပင်လုံညီလာခံ၏ တတိယအကြိမ်မြောက်အစည်းအဝေးသို့ တက်ရောက်ရန်ဖိတ်ကြားခံရပါက FPNCC အဖွဲ့ဝင်များအနေဖြင့် တက်ရောက်ရန် Sun Guo xiang က အကြံပြုတိုက်တွန်းကြောင်းကိုလည်း အဆိုပါကြေညာချက်တွင် ဖော်ပြပါရှိခဲ့သည်။

တရုတ်နိုင်ငံအနေဖြင့် မြန်မာ့ငြိမ်းချမ်းရေးကို လက်ရှိကာလတွင် ရရှိစေလိုသလား၊ သို့တည်းမဟုတ် မြန်မာအစိုးရထံမှ လက်ရှိအနေအထားထက် ပိုမိုသာလွန်သော ဗျူဟာမြောက် အလျှော့ပေးလိုက်လျောမှုတို့ကို ခိုင်မြဲစေပြီးမှ ရရှိစေလိုသလား ဆိုသည်မှာမူ ဆန်းစစ်ဖွယ်ရာ မေးခွန်းတစ်ရပ်ဖြစ်နေပေသည်။ သို့ရာတွင် ဒေါ်အောင်ဆန်းစုကြည်က အမျိုးသားစည်းလုံးညီညွတ်မှုကို သူ၏အမွေအနှစ်အဖြစ် ခိုင်မာအားကောင်းစေရန်အတွက် ပြည်တွင်းငြိမ်းချမ်းရေးကို အကျိုးထိရောက်မှု မရှိဘဲ ဆွဲဆောင်စည်းရုံးနေသည်တွင် မြန်မာ့စစ်ပွဲများ၏ အနာဂတ်မှာ တိုင်းရင်းသားတို့ မျှော်မှန်းချက်ဖြစ်သော ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရရှိရေးနှင့် ဖက်ဒရယ်မူဝါဒတို့ကို အတွင်းစိတ်၌ထားရှိခြင်းမပြုသည့်သူများ၏ အဆုံးအဖြတ်ပြုမှုအပေါ်တွင်သာ မူတည်နေမည်ဖြစ်ပေသည်။

Referencef : Myanmar Peace Process Being Destroyed on Multiple Fronts by Bertil Lintner, Chaing Mai, May 26, 2018 Asia Times

# ဆိုင်ကယ်လိုင်စင်လာရောက် ပြုလုပ်သူနည်းပါးနေသေး

ဇွန် ၁၈

ပြည်နယ်အစိုးရ၏ အစီအမံဖြင့် မြစ်ကြီးနားမြို့နယ်အတွင်း ဇွန်လ ၁၈ ရက်မှစတင်ကာ ဆိုင်ကယ်လိုင်စင်များ ပြုလုပ်ပေးနေသော်လည်း လိုင်စင်လာရောက်ပြုလုပ်သူ အရေအတွက် နည်းပါးနေကြောင်း သိရသည်။

လိုင်စင်စတင်ပြုလုပ်ပေးသည့် ဇွန်လ ၁၈ ရက်နေ့က လိုင်စင်လာရောက်ပြုလုပ်သူ အစီး ၁၀၀ ကျော်ရှိခဲ့ကြောင်း သိရသည်။

မြစ်ကြီးနား မြို့နယ်အတွင်းရှိ လိုင်စင်မဲ့ဆိုင်ကယ်အရေအတွက်နှင့်စာလျှင် လိုင်စင်လာရောက်ပြုလုပ်သူ နည်းပါးနေပြီး အများစုမှာလိုင်စင်ကြေးဈေးမြင့်သောကြောင့် လိုင်စင်မပြုလုပ်ရခြင်းဖြစ်ကြောင်း သိရသည်။

ဆိုင်ကယ်စီးနင်းသူအများစုမှာ အစောပိုင်းနှစ်များက ဝယ်ယူထားသူများဖြစ်ကြသဖြင့် ၎င်းတို့၏ မော်ဒယ်နိမ့်ဆိုင်ကယ်များအတွက် လိုင်စင်ပြုလုပ်လိုသည့် ဆန္ဒမရှိကြတော့ပေ။ ထို့အပြင် လိုင်စင်လုပ်ရာတွင် ပေးရမည့်အချိန်နှင့် ကုန်ကျစရိတ်များကလည်း လိုင်စင်မပြုလုပ်ရခြင်းအကြောင်းအရင်းများဖြစ်သည်ဟု ရမ်ပူရပ်ကွက်မှ ကိုအောင်ကျော်ထွေးက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ဆိုင်ကယ် မော်ဒယ်ကလည်းနိမ့်နေပြီ။ သွားလုပ်ရင်လည်း ကြာကလည်းကြာ ပိုက်ဆံကလည်းကုန်တယ်။ လူအရမ်းများလာရင် အရမ်းစိတ်ညစ်တယ်။ ပိုဆိုးတာက အသစ်ကိုလုပ်ရတာက အကြောင်းမဟုတ်ဘူး။ အဟောင်းကိုလုပ်ရတာဆိုတော့ လိုင်စင်ကြေးက အရမ်းများတယ်"ဟု ကိုအောင်ကျော်ထွေးက ဆက်လက်ပြောပြသည်။

ယခုအချိန်တွင် မော်ဒယ်မြင့် (၂၀၁၆ ခုနှစ်ထုတ်အထက်) ဆိုင်ကယ်များကိုသာ လာရောက်ပြုလုပ်သူ ပိုများကြောင်း၊ ဆိုင်ကယ်လိုင်စင်ပြုလုပ်မည်ဆိုပါက မှတ်ပုံတင်မိတ္တူတစ်ခုတည်းသာ ယူဆောင်သွားရန်လိုအပ်ကြောင်း သိရသည်။

"လိုင်စင်လုပ်ရတာ အရင်တုန်းကထက်တော့ လွယ်ပေမယ့် ဆိုင်ကယ်အသစ်မို့ လုပ်တာပါ။ ဖမ်းသွားရင်လည်း အသစ်ဆိုတော့ နှမြောတာပေါ့။ အဲဒါကြောင့် လုပ်တာပါ။ ဆိုင်ကယ်ဝယ်ထားတာ ငါးသိန်းကျော်ဆိုပေမယ့် လိုင်စင်က တစ်သိန်းခွဲလောက်တောင်ကျတယ်"ဟု လိုင်စင်ပြုလုပ်သူ ကိုဇော်ကိုကိုအောင်မှ ပြောသည်။

ယခုအကြိမ်ပြုလုပ်သည့် ဆိုင်ကယ်လိုင်စင်နံပါတ်များကို ကချင်ပြည်နယ်၏အတိုကောက်စာလုံးဖြစ်သော KCN/----- ဖြင့် ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

ကချင်ပြည်နယ်တွင် ၂၀၁၈ ခုနှစ်၊ မေလကုန်အထိ လိုင်စင်ရှိဆိုင်ကယ်ပေါင်း ၇၉၉၀၃ စီးရှိကြောင်း ပြည်နယ်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

လိုင်စင်ကြေးများကို ထုတ်လုပ်သည့် နိုင်ငံ/ခုနှစ် နှင့် အင်ဂျင်ပါဝါအလိုက် အခွန်များကောက်ခံနေပြီး တရုတ်နိုင်ငံထုတ်ဆိုင်ကယ်များကို ၂၀၁၈ ခုနှစ်ထုတ် ၁၁၀ စီစီနှင့်အောက် ဆိုင်ကယ်များအတွက် ၁၃၀၃၅၀ ကျပ်၊ ၁၂၅ စီစီ ၁၄၀၃၅၀ ကျပ်၊ ၂၀၁၂ မှ ၂၀၁၇ ခုနှစ်ထုတ် ဆိုင်ကယ်များကို ၁၁၀ စီစီနှင့် အောက် ၇၅၃၅၀ ကျပ်၊ ၁၂၅ စီစီနှင့်အထက် ၈၀၃၅၀ ကျပ်ဖြစ်ကာ ၂၀၁၁ ခုနှစ်ထုတ် ဆိုင်ကယ်များအတွက် ၁၁၀ စီစီအောက် အုပ်စု ၆၅၃၅၀ ကျပ်နှင့် ၁၂၅ စီစီနှင့် အထက်ကို ၇၀၃၅၀ ဟူ၍ သတ်မှတ်ကောက်ခံများသွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၈ ခုနှစ်ထုတ် ဂျပန် ၁၁၀စီစီအောက်အုပ်စုကိုကျပ် ၇၉၀၃၅၀၊ ၁၂၅ စီစီနှင့်အထက် ၈၄၀၃၅၀ ကျပ်၊ ၂၀၁၂ ခုနှစ်မှ ၂၀၁၇ ခုနှစ်ထုတ် ၁၁၀ စီစီအောက် ၅၄၀၃၅၀ ကျပ်၊ ၁၂၅ စီစီနှင့်အထက် ၅၉၀၃၅၀ ကျပ်၊ ၂၀၁၁ ခုနှစ်အောက် ၁၂၅ စီစီနှင့်အထက် ၄၄၀၃၅၀ နှင့် ၁၁၀ စီစီနှင့်အောက်ကို ၃၉၀၃၅၀ ကျပ် သတ်မှတ်ထားသည်။

ထိုင်း/ အိန္ဒိယ/ ဗီယက်နမ်ထုတ် ဆိုင်ကယ်များအတွက် ၂၀၁၈ မော်ဒယ်များကို ၁၂၅စီစီနှင့်အထက် ၂၁၅၃၅၀ ကျပ်၊ ၁၁၀ စီစီ ၁၉၀၃၅၀ ကျပ်၊ ၂၀၁၂ မှ ၂၀၁၇ ထုတ် ဆိုင်ကယ်များအတွက် ၁၂၅ စီစီနှင့်အထက် ၁၁၀၃၅၀ ကျပ်၊ ၁၁၀ စီစီ ၁၀၀၃၅၀ ကျပ်တို့ဖြစ်ပြီး ၂၀၁၁ ခုနှစ်အောက်ထုတ်ဆိုင်ကယ်များအတွက် ၁၂၅ စီစီနှင့်အထက် ၉၀၃၅၀ ကျပ်နှင့် ၁၁၀ စီစီနှင့် အောက် ၈၀၃၅၀ ကျပ်တို့ဖြစ်ကြောင်းလည်း သိရသည်။


စည်သူ(မြစ်ကြီးနား)

မြစ်ကြီးနားသတင်းဂျာနယ်
( ဇွန် ၂၂ - ဇွန် ၂၈ ၊ ၂၀၁၈ )

# စာအုပ်စင်ကဏ္ဍ

ညီထွန်းလင်း

ဇာဟိရ်ဆိုတာ မြင်သာသိတာသာ၊ လက်ရှိဖြစ်နေတာ၊ သတိမမူမိဘဲ မနေနိုင်တာလို့ အဓိပ္ပာယ်ရတယ်။ ဇာဟိရ်က တစ်စုံတစ်ယောက် သို့မဟုတ် တစ်စုံတရာ၊ သူတို့နဲ့ဒါမှမဟုတ် သူနဲ့ထိတွေ့ဆက်နွှယ်မိတာနဲ့ တွေးတောဆင်ခြင်မှုအားလုံးကို တဖြည်းဖြည်း သိမ်းပိုက်သွားမယ်။ နောက်ဆုံး အခြားဘာကိုမှ မတွေးတောနိုင်တဲ့အထိ သိမ်းပိုက်စိုးမိုးသွားတယ်။ ဒါကို အထွတ်အမြတ်၊ သို့မဟုတ် ရူးသွပ်မှုလို့ ဆင်ခြင်နိုင်တယ်။ ကမ္ဘာကျော်ခေတ်ပြိုင်စာရေးဆရာ ပေါ်လိုကိုဟိုးရဲ့ The Zahir ကို ဆရာသူရိန်ဝင်းက ဘာသာပြန်ထားခြင်းဖြစ်ပါတယ်။ စာရေးဆရာကြီးတစ်ယောက်၏ အချစ်၊ ဘဝ၊ စာပေ စတဲ့အရာတွေကို အသေးစိတ် တူးဖော်ရေးသားထားသော စာအုပ်တစ်အုပ်ဖြစ်ပါတယ်။




| | |
|---|---|
| ဇာဟိရ် | |
| စာရေးသူ = သူရိန်ဝင်း(ဘာသာပြန်) | |
| စာအုပ်တိုက် = ကွမ်းခြံလမ်းစာပေ | |
| တန်ဖိုး = ၄၅၀၀ ကျပ် | |

"ပါရီကိုပြန်တဲ့လမ်းမှာစိတ်ထဲဘဝင်ကျသလိုပဲ။ ရာသီဥတုအခြေအနေက ပိုကောင်းသွားပြီ။ ကျွန်တော်မတွေးဘူး။ ယဉ်ကြော အသွားအလာပေါ်မှာပဲ အာရုံစူးစိုက်ထားတယ်။ ကျွန်တော် အိမ်ပြန်ရောက်တော့ ဘယ်သူ့မှ ဝင်ခွင့်မပေးဖို့ အိမ်အကူအမျိုးသမီးကို ပြောထားလိုက်တယ်။ နောက်ညတွေမှာ လာအိပ်ပေးပြီး ကျွန်တော့်အတွက်မနက်စာ၊ နေ့လယ်စာ၊ ညစာ စီစဉ်ပေးဖို့ ပြောလိုက်တယ်။ အင်တာနက်သုံးလို့ရအောင် ချိတ်ဆက်ပေးတဲ့ ပစ္စည်းလေးကို ဖနောင့်နဲ့ ဆောင့်နင်းပြီး လုံးဝသုံးမရအောင် ဖျက်ဆီးလိုက်တယ်။ တယ်လီဖုန်းကို ပလပ်ဖြုတ်လိုက်တယ်။ ကျွန်တော့်လက်ကိုင်ဖုန်းကို သေတ္တာလေးတစ်လုံးထဲထည့်ပြီး ထုတ်ဝေသူဆီပို့ လိုက်တယ်။ ဖုန်းကို ကျွန်တော်ကိုယ်တိုင် ပြန်လာယူမှပဲ ပြန်ပေးဖို့ကို ပြောလိုက်တယ်။

ဆိန်းမြစ်ကမ်းဘေးမှာ မနက်တိုင်း သီတင်းတပတ် လမ်းလျှောက်တယ်။ ပြန်ရောက်ရင် သော့ပိတ်ပြီး စာဖတ်တယ်။ ကျွန်တော်ဟာ တမန်တော်တစ်ပါးရဲ့ အသံကိုနားထောင်နေသလိုမျိုးပဲ။ ကျွန်တော်စာတစ်အုပ် ရေးတယ်။ စာတစ်စောင်လို့ပြောရင် ပိုမှန်မယ်။ ကျွန်တော့်အိပ်မက်တွေရဲ့ အမျိုးသမီးဆီရေးတဲ့ စာရှည်ကြီးတစ်စောင်ပါ။ ကျွန်တော်ချစ်တဲ့၊ အမြဲတမ်းလည်းချစ်မယ့် အမျိုးသမီးဆီရေးတာ။ ဒီစာအုပ်က တစ်နေ့တော့ သူ့လက်ထဲရောက်မှာပါ။ မရောက်ရင်တောင် ကျွန်တော်ဟာ ကိုယ့်စိတ်ကိုယ့်ဝိဉာဉ်နဲ့ ငြိမ်းချမ်းသူတစ်ယောက် ဖြစ်နေပါပြီ။ စော်ကားခံလိုက်ရတယ် ဆိုတဲ့စိတ်နဲ့ နပမ်းလုံးမနေရတော့ဘူး။ နေရာတိုင်း၊ ဘားဆိုင်တိုင်း၊ ရုပ်ရှင်ရုံတိုင်းညစာစားပွဲတွေမှာ အစ်စတာကိုလိုက်ရှာတဲ့အလုပ်ကို ကျွန်တော်မလုပ်တော့ဘူး။ မာရီဆီမှာ သူ့ကိုမရှာတော့ဘူး။သတင်းစာထဲမှာလည်း မရှာတော့ဘူး။ (စာ - ၈၄ မှ)

---

မြန်မာနိုင်ငံရဲ့ ဘိန်းစိုက်ပျိုးထုတ်လုပ်နဲ့ပတ်သက်တဲ့အကြောင်းအရာတွေနဲ့ ဘိန်းအကြောင်းတွေကို ဂယနဏသိရှိနိုင်ဖို့အတွက် အထူးပြုစုရေးသားထားတဲ့ "ဘိန်းဘေးဒုက္ခသည်"ဆိုတဲ့ စာမျက်နှာ ၁၅၇ မျက်နှာပါ စာအုပ်ထွက်ရှိခဲ့ပါပြီ။




| | |
|---|---|
| ဘိန်းဘေးဒုက္ခသည် | |
| စာရေးသူ = ဦးလော | |

ဒီစာအုပ်ထဲမှာ စိတ်ဝင်စားစရာအဖြစ် ရေးသားထားတဲ့ အကြောင်းအရာတွေကို အတိုချုံးပြောပြရရင် မနောမြေမှ ပထမဦးဆုံး ဘိန်းထုတ်လုပ်ခဲ့ပုံ၊ ဘိန်းမဲထုတ်လုပ်ပုံထုတ်လုပ်နည်းနဲ့ ဆိုးကျိုးကောင်းကျိုးများ၊ အစိုးရရဲ့ဘိန်းခင်းလျှော့ချရေးစီမံကိန်းနဲ့ ပိုင်ရှင်မဲ့ ဘိန်းခင်းဖျက်ဆီးပုံတွေ၊ ဘိန်းခင်းပိုင်ရှင်များရဲ့ အခက်အခဲနဲ့ ကယ်ဆယ်ရေးလိုအပ်ပုံ၊ မူးယစ်ဆေးဝါးသုံးစွဲသူများရဲ့ သဘောသဘာဝနဲ့ ဘိန်းဖြတ်ဌာန အစရှိတဲ့အကြောင်းအရာတွေကို စုံစုံလင်လင်ဖတ်ရှုလေ့လာနိုင်မှာပါ။

ဒီစာအုပ်ဟာဆိုရင် ရှေးယခင်ကတည်း ဘိန်းအကြောင်းတွေကို နှိုက်နှိုက်ချွတ်ချွတ် စာရင်းပြုစုရေးသားထားသလို စာရေးသူကိုယ်တိုင်ကလည်း ဘိန်းကိုကိုယ်တိုင်စိုက်ပြီး ကိုယ်တိုင်ရှုခဲ့သူတစ်ယောက် ဖြစ်ပါတယ်။

ဒီစာအုပ်ဟာ စာရေးသူ၏ အာဘော် သက်သက်မဟုတ်ဘဲ သမ္မာသစ်ကျမ်း၊ ရွှေတြိဂံမြေက ဘိန်းဖြူသံသရာ၊ ပြည်သူ့ခေတ်နေ့စဉ်သတင်း၊ စောင့်ကြည့် သတင်းဂျာနယ်၊ 7 Day Daily ဂျာနယ်၊ International Day သတင်း၊ မြစ်ကြီးနားသတင်းဂျာနယ်၊ Local News ၊ ဒူးလေးမောင်လီဆူသမိုင်းဒါဆော်ချဲ့(ရေး) အစရှိတဲ့သတင်းစာဂျာနယ်တွေ၊ စာအုပ်တွေကို ကိုးကားရေးသားထားပါတယ်။ ဘိန်းထုတ်လုပ်မှုမှာ မြန်မာနိုင်ငံဟာ ဒုတိယအများဆုံးနိုင်ငံဖြစ်ပြီတော့ ဒီလိုဖြစ်ရတဲ့ အဓိကအကြောင်းအရင်းတွေ၊ လျှော့ချလို့ရနိုင်မယ့် အကြောင်းအရင်း၊ ဓားစာခံဖြစ်ရတဲ့ပြည်သူလူထုဘဝတွေ၊ ဘိန်းကြောင့် ဒုက္ခရောက်ခဲ့ရတဲ့ဘဝတွေ၊ တစ်ခြားစာရေးတွေရေးသားဖော်ပြလေ့မရှိတဲ့ ဘိန်းနဲ့ပတ်သက်တဲ့ ထူးခြားတဲ့အကြောင်းအရာတွေကိုလည်း ထုတ်ဖော်ရေးသားထားတာကို တွေ့မြင်ကြရမှာပါ။

စာဖတ်သူတွေအတွက် ဒီစာအုပ်ဟာ အကျိုးရှိစေမယ့် စာအုပ်တစ်အုပ် ဖြစ်တာကြောင့် လူငယ်တွေကို မူးယစ်ဆေးဝါးရဲ့ တရားခံမဖြစ်စေဖို့ အမြန်ဆုံးဝယ်ယူအားပေးကြပါလို့ တိုက်တွန်းလိုက်ပါရစေ။

---

## ကဗျာကဏ္ဍ

## နှစ်ဆယ့်တစ်ရာစု စစ်ပွဲ

နှစ်လတွေ ပြောင်းသွားပေမယ့်
မပြောင်းဘဲရှိနေတာ စားပွဲပေါ်က
အော်ဒါ စာရွက်။
မျိုးမတုံးသေးဘူး တစ်ဘက်နဲ့တစ်ဘက်
ခန္ဓာကိုယ်တွေ မပျက်နိုင်သေးတော့
တိုက်နေကြတုန်း။

တခြားနိုင်ငံတွေမှာ ငြိမ်းချမ်းလို့
ငါတို့နိုင်ငံမှာတော့
စစ်မီးတွေ တောက်လောင်နေတုန်း။

စစ်တပ်က ပြောတယ်
ကျည်မကုန်သေးဘူး
ရိက္ခာတွေ အပြည့်
ဘယ်စစ်တပ်ကြည့်ကြည့်
ခဲယမ်းထုတ်လုပ်မှုတွေ
လျော့မသွားဘူး။

နှစ်ဆယ်ရာစုက တိုက်တဲ့စစ်
အခုထိ ကျည်မကုန်နိုင်သေးဘူး
ကျည်မကုန်သေးပေမယ့်
ခြေတွေလက်တွေ ကုန်လုနီးပါးဖြစ်နေပြီ။

နှစ်ဆယ့်တစ်ရာစု စစ်ပွဲ
ငြိမ်းနိုင်တော့မလား
ပြည်သူတွေ ငြိမ်းချမ်းချင်ပြီ။

သေနတ်တွေကိုလည်း
အနားပေးလိုက်ပါတော့ကွာ။

ကတုတ်ကျင်းတွေ
လမ်းမပေါ် စစ်ယာဉ်တန်းတွေ
မရှိစေချင်တော့ဘူး။

တိုက်မိန့်
စစ် စစ်ဆင်ရေး အော်ဒါတွေ
မနာခံချင်တော့ဘူး။
နှစ်ဆယ့်တစ်ရာစု
စစ်ပွဲကို ရပ်တန့်လိုက်ကြပါစို့။

ဆိုင်းဗျူ

---

## မန်စီမြို့နယ်တွင် ကျပ်သိန်းငါးရာကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

မြစ်ကြီးနား၊ ဇွန် ၁၉

ဗန်းမော်ခရိုင်၊မန်စီမြို့နယ် ဟန်ထက်ကျေးရွာနှင့် မန်သာကျေးရွာကြား ကားလမ်းမပေါ်တွင် အမျိုးသားတစ်ဦးထံမှ ကာလပေါက်ဈေး ကျပ်သိန်း ၅၀၀ ကျော်တန်ဖိုးရှိ ဆေးပြား နှင့်ဘိန်းဖြူများကို ဇွန်လ ၁၈ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါမူးယစ်ဆေးဝါးကို ဗန်းမော်မြို့၊ခရိုင်မှုခင်းနှိမ်နင်းရေးအဖွဲ့နှင့် မံစီမြို့မရဲစခန်းတို့ပူးပေါင်းကာ စောင့်ဆိုင်းဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မိုးမောက်မြို့နယ်တွင်နေထိုင်သည့် ထိုအမျိုးသားထံမှ စိတ်ကြွဆေးပြား ၁၉၅ ပြားစီပါသောအထုပ်၁၀၀၊စုစုပေါင်းဆေးပြား ၁၉၅၀၀ ပြား၏ ကာလတန်ဖိုးကျပ်သိန်း ၃၉၀ ကျပ်ရှိပြီး၊ ဘိန်းဖြူအလေးချိန် ၉ ဂရမ်ခန့်စီပါသည့် ဆပ်ပြာခွက် ၂၂ ခွက်၊ စုစုပေါင်းအလေးချိန် ၁၉၈ ဂရမ်ခန့် (ကာလတန်ဖိုး ၁၅၈၄၀၀၀၀ ကျပ်)တို့ကို ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့သို့မူးယစ်ဆေးဝါးများ လက်ဝယ်ဖမ်းဆီးရမိသော အမျိုးသားကို မန်စီမြို့မရဲစခန်းမှ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ပုဒ်မ ၁၉ (က)ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

မွန်းမွန်းပန်

# ကျေးလက်ကျန်းမာရေးဝန်ထမ်းများအား ဝန်ကြီးနှင့်တိုက်ရိုက်စကားပြောနိုင်မည့် Mobile Tablet များထောက်ပံ့ပေးမည်ဟုဆို

ဇွန် ၁၆

ဝေးလံခေါင်ဖျားဒေသများတွင် တာဝန်ထမ်းဆောင်နေသည့် ကျန်းမာရေးဝန်ထမ်းများကို ကုသမှုအထောက်အကူပြု Mobile Tablet ပစ္စည်းများပေးအပ်သွားမည်ဖြစ်ကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြောကြားသည်။

အဆိုပါ Tablet များတွင် ကုသမှုဆိုင်ရာနည်းလမ်းများအပြင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကျန်းမာရေးဆိုင်ရာစံပြစာအုပ်များ၊ အခြေခံကျန်းမာရေးဝန်ထမ်းများ သိသင့်သိထိုက်သည့် အသိပညာပေးလမ်းညွှန်များ၊ စံလုပ်ထုံးလုပ်နည်းနှင့် လုပ်ငန်းလမ်းညွှန်များ၊ ရောဂါနှင့် ရောဂါလက္ခဏာဆိုင်ရာ အချက်အလက်များကို Offline ကိုးကားအသုံးပြုနိုင်ရန် ထည့်သွင်းထားကြောင်းလည်း သိရသည်။

“ရှိသမျှ ရောဂါတွေအကုန်လုံး ဘယ်လိုကုသရမယ်ဆိုတာ ဒီထဲမှာပါတယ်။ ဘာပဲဖြစ်ဖြစ် ဒီမှာကြည့်လိုက်ရင် ရတယ်။ ဒီဟာက ဘယ်လိုအကျိုးရှိလဲဆိုတော့ ဒီထဲမှာရှိသမျှရောဂါတွေ ဘာဖြစ်ဖြစ်နှိပ်လိုက်ရင် ဖွင့်ကြည့်လို့ရတယ်။ အခုက ဆင်းမ်ကဒ်လည်း ပေးလိုက်တဲ့အခါ ဗဟိုကနေထည့်ထည့်ပေးမယ်။ ဒါကိုပေးလိုက်ရင် တောကြိုတောင်ကြားမှာ တာဝန်ကျနေတဲ့ သားဖွားဆရာမတွေ ဝန်ကြီးနဲ့လည်းတိုက်ရိုက်ဆက်လို့ရတယ်။ ဝန်ကြီးပြောချင်တာ၊ ညွှန်ချုပ်ပြောချင်တာ တစ်ခါတည်းပေးလိုက်ရင်တစ်ခါတည်းရောက်တယ်” ဟု ဒေါက်တာမြင့်ထွေးက ပြောသည်။

ဇွန်လ ၁၄ ရက်နေ့က မွန်ပြည်နယ် မော်လမြိုင်တက္ကသိုလ်တွင် ပြုလုပ်ခဲ့သည့် နိုင်ငံတော်၏အတိုင်အပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၇ ကြိမ်မြောက် ငြိမ်းချမ်းရေးစကားဝိုင်းဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးခဲ့သူ လူငယ်တစ်ဦး၏ မေးခွန်းနှင့်ပတ်သက်ပြီး အထက်ပါအတိုင်း ပြည်ထောင်စုဝန်ကြီးမှ ဖြေကြားခဲ့ခြင်းဖြစ်သည်။

“ကိုင်မယ့်သားဖွားဆရာမကို နေ့တစ်ဝက်လောက်သင်တန်းပေးလိုက်ရင်ရပြီ။ ဆိုလိုတာက သူတို့သည် ရွာထဲမှာ သတ္တိရှိရှိ သွားရဲတယ်။ ဘာလုပ်မယ် အကုန်ပါပါတယ်။ ပထမအဆင့်အနေနဲ့ ပြည်သူ့ကျန်းမာရေးဝန်ထမ်းဖြစ်တဲ့ ဒါကိုသုံးမှသာလျှင် ကျွန်တော်တို့နိုင်ငံသည် ဘေးနားကနိုင်ငံကိုကျော်တက်မယ်။ ကျွန်တော်ကတော့ ဒါကိုကြည့်ခြင်းအားဖြင့် ကျွန်တော်တို့ဝန်ထမ်းအားလုံး၏ အရည်အသွေးတွေတက်လာမယ်ဆိုတာ တထစ်ချယုံကြည်ပါတယ်”ဟု ဒေါက်တာမြင့်ထွေးက ပြောသည်။

ထို Mobile Tablet အထောက်အကူပြုပစ္စည်းများကို သားဖွားဆရာမများ၊ ပြည်သူ့ကျန်းမာရေးကြီးကြပ်အဆင့်(၁)နှင့်(၂)၊ ကျန်းမာရေးမှူးများကို ယခုနှစ်မှ စတင်ပေးအပ်သွားမည်ဖြစ်ပြီး လာမည့်နှစ်တွင်ဆရာဝန်အဆင့်များအထိ ပေးအပ်သွားမည် ဖြစ်သည်။

ဝန်ကြီးဌာနအနေဖြင့် ၂၀၁၇ - ၁၈ ဘဏ္ဍာရေးနှစ်တွင် Mobile Tablet အလုံးရေ ၁၉၁၇ လုံးကို အိတ်ဖွင့်တင်ဒါခေါ်ယူထားပြီးဖြစ်ကာ ယခု ၂၀၁၈ ခုနှစ်ခြောက်လဘဏ္ဍာရေးနှစ်အတွင်း အလုံးရေ ၁၅၀၀၀ ဝယ်ယူရန် နိုင်ငံတော်မှ ခွင့်ပြုထားသည့်အပြင် လာမည့်ဘဏ္ဍာရေးနှစ်တွင် GAVI အဖွဲ့အစည်းမှလည်းအလုံးရေ ၁၄၀၀၀ ပံ့ပိုးပေးမည်ဟု ထုတ်ပြန်ထားသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနလက်အောက်တွင် ကျေးလက်ကျန်းမာရေးဌာန ၁၇၉၆ ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၈၄၀၆ ခုရှိကြောင်းသိရသည်။

ဆိုင်း (ကချင်မြေ)

## Movie View

**ယခုအပတ် ရော(မြစ်ကြီးနား)ရုပ်ရှင်ရုံတွင် ရုံတင်ပြသမည့် ဇာတ်ကားများ**

မြစ်ကြီးနားမြို့ ဧရာရုပ်ရှင်ရုံတွင်ပြသမည့်ဇာတ်ကား
၂၂ - ၆ - ၂၀၁၈ မှ ၂၈ - ၆ - ၂၀၁၈ အထိ

မြန်မာကားအမည် - **ပင်လယ်ကြီးကဘာပြောလဲ**
ပြသမည့်အချိန် - နေ့လယ် ၁၂ း ၄၅ ၊ ည ၆ း ၄၅

နိုင်ငံခြားကားအမည် - **The Incredibles 2**
ပြသမည့်အချိန် - ညနေပိုင်း ၃ း ၃၀






# ရေလမ်းခရီးဖြင့် ကျောင်းသွားနေသည့် ဒေသများသို့ ယခုနှစ်အတွက် အသက်ကယ်အင်္ကျီအသစ်များ ခွဲဝေချထားမည်ဟုဆို

မြစ်ကြီးနား၊ဇွန်၁၇

၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် မြန်မာနိုင်ငံတစ်ဝန်းရှိ ရေလမ်းအသုံးပြုကျောင်းတက်နေရသော ကျောင်းသားများ၊ ဆရာများနှင့် ပညာရေးဝန်ထမ်းများကို အသက်ကယ်အင်္ကျီများ ချထားပေးမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးက ပြောသည်။

မြန်မာနိုင်ငံအတွင်း ချောင်း၊ မြောင်း၊ အင်းအိုင်၊ မြစ်ကမ်းနား၊ ပင်လယ်ကမ်းခြေ၊ မြစ်ဝကျွန်းပေါ်ရေလမ်းခရီးအသုံးပြုရာဒေသများနှင့် မိုးဦးကာလ၌ ရေဘေးဒုက္ခအန္တရာယ် ကာကွယ်ရန် ကျောင်းသူကျောင်းသားများ၊ ဆရာဆရာမများနှင့် ဝန်ထမ်းများအတွက် အသက်ကယ်အင်္ကျီများကို ယခင်နှစ်ကအတိုင်း ခွဲဝေချထားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ပညာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာမျိုးသိန်းကြီးက ပြောကြားခဲ့သည်။

ဇွန်လ ၁၃ ရက်နေ့တွင် ပြုလုပ်ကျင်းပသော အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ကိုယ်စားလှယ် ဒေါက်တာခွန်ဝင်းသောင်းက မြန်မာနိုင်ငံအဝန်းရှိ ချောင်း၊ မြောင်း၊ အင်းအိုင်၊ မြစ်ကမ်းနား၊ ပင်လယ်ကမ်းခြေ၊ မြစ်ဝကျွန်းပေါ် ရေလမ်းခရီးအသုံးပြုရာဒေသအတွင်းရှိ ကျောင်းသူကျောင်းသား၊ ဆရာ/ဆရာမများ စသည့် ပညာရေးလုပ်သားတို့အတွက် အသက်ကယ်အင်္ကျီများကို လိုအပ်မှုအဆင့်(က)၊(ခ)၊(ဂ)၊ ဦးစားပေး ခွဲခြား၍ ပညာရေးဝန်ကြီးဌာနအနေဖြင့် ပညာသင်နှစ်စတွင် ထုတ်ပေးပြီး နှစ်ဆုံးတွင် ပြန်လည်အပ်နှံခြင်း စသည့်ဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိမရှိ မေးခွန်းနှင့်စပ်လျဉ်းပြီး ဝန်ကြီးကရှင်းလင်းဖြေကြားခဲ့ခြင်း ဖြစ်သည်။

“အခုရက်ပိုင်းမြန်မာပြည်ရဲ့ အချို့အရပ်တွေမှာလည်း ရေကြီးရေလျှံခြင်းများ၊ သဘာဝဘေးဆိုးများ ကျရောက်တယ်ဆိုတဲ့ သတင်းများနှင့်အတူ တစ်ချိန်တည်းမှာ မြန်မာနိုင်ငံတစ်ဝန်းရှိ ချောင်းမြောင်းအင်းအိုင် မြစ်ဝကျွန်းပေါ်ပင်လယ်ဘက်မှာ နေ့စဉ်အချိန်မှန်ရေလမ်းခရီးကို အဖော်အဖြစ်သွားမှုလာမှု နေ့စဉ်ပြုကြရတဲ့ ဖော်ပြပါဒေသများမှ ဆရာဆရာမများနှင့် ကျောင်းသူကျောင်းသားများ၊ ပညာရေးဝန်ထမ်းတို့ဟာ ခက်ခဲပင်ပန်းစွာ ကြုံတွေ့နေကြရတယ်။ မဆုံးရှုံးသင့်တဲ့ လူ့အသက်များရုတ်တရက်ဆုံးရှုံးမှုများ ကြုံတွေ့နေရပါတယ်။ ဒီလိုအဖြစ်ဆိုးတွေကို ကြိုတင်ပြင်ဆင်နိုင်ခြင်းနဲ့ နောက်နောင်ထပ်မံမကြုံတွေ့နိုင်ဖို့အတွက် ဖြစ်စေ၊ ယခုကဲ့သို့ အသေအပျောက်နည်းနိုင်သမျှ နည်းစေဖို့အတွက် ပညာရေးဝန်ကြီးဌာနအနေနဲ့ အခြားသက်ဆိုင်ရာဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်းပြီးအသက်ကယ်ပစ္စည်းများအသက်ကယ်အင်္ကျီများကို အရေးပေါ်လိုအပ်ချက်များကို ကျောင်းနေအရွယ်များအတွက် စီမံကိန်းရှိမရှိ သိလိုပါတယ်”ဟု မိုးမောက်မြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခွန်ဝင်းသောင်းက တင်ပြခဲ့သည်။

ယခုလ ၁၄ ရက်နေ့ကလည်း မိုးကောင်းမြို့ နန်းရင်းချောင်းရေ ရေကြီးမှုကြောင့် ကျွန်းတောရပ်၊ မြို့ဦးရပ်ကွက်တို့တွင် ရေကြီးရေလျှံဖြစ်ပွားသဖြင့် ကျောင်းသူကျောင်းသားများနှင့် ပြည်သူများရေဘေးဒုက္ခကြုံတွေ့ခဲ့ရကြောင်း သိရသည်။

“အသက်ကယ်အင်္ကျီတွေဟာလည်းပဲ အသုံးပြုခဲ့တာနှစ်နှစ်ရှိခဲ့ပြီ ဖြစ်ပါတယ်။ ကောင်းသင့်ခဲ့ပြီးတော့မှကောင်းနေသေးတဲ့ အသက်ကယ်အင်္ကျီတွေကို ဆက်လက်အသုံးပြုဖို့အတွက်နဲ့ လိုအပ်နေသေးတဲ့ အသက်ကယ်အင်္ကျီတွေကို ဆက်လက်ဖြည့်ဆည်းဆောင်ရွက်ပေးသွားမှာဖြစ်တယ်။ လိုအပ်နေတဲ့တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးကို အသက်ကယ်အင်္ကျီတွေကို ဆက်လက်ပြီးခွဲဝေချထားပေးသွားမှာ ဖြစ်ပါတယ်။ ယခုစာသင်နှစ်တွင် ပညာရေးဝန်ကြီးဌာန အခြေခံပညာရေးဦးစီးဌာနအနေနဲ့ ချောင်းမြောင်းအင်းအိုင် မြစ်ကမ်းနားပင်လယ်ကမ်းခြေ မြစ်ဝကျွန်းပေါ် ရေလမ်းခရီးအသုံးပြုရာဒေသနှင့် ကျောင်းသားကျောင်းသူများ၊ ဆရာဆရာမများ ဝန်ထမ်းများအတွက် အသက်ကယ်အင်္ကျီများကို ထပ်မံဖြည့်ဆည်းနိုင်ပေးရန်အတွက် ဘဏ္ဍာငွေရရှိတဲ့အပေါ် မူတည်ကာ စိစစ်ပြီးတော့ ခွဲဝေဆောင်ရွက်ပေးရတာဖြစ်တဲ့အတွက်ကြောင့်မို့ ခွဲဝေပေးနိုင်ရေးအတွက်စီစဉ်ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်းနှင့်ပညာသင်နှစ်ပြီးရင်တော့ ထုတ်ဝေပေးထားတဲ့ အသက်ကယ်အင်္ကျီ ပြန်လည်အပ်နှံနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပြီးစီးထားပြီ ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်တယ်” ဟု ဒေါက်တာမျိုးသိန်းကြီးက ပြောသည်။

ပညာရေးဝန်ကြီးဌာန အခြေခံပညာရေးဦးစီးဌာနအနေဖြင့် ၂၀၁၆ - ၁၇ဘဏ္ဍာရေးနှစ်တွင်အသက်ကယ်အင်္ကျီအသုံးပြုရန် လိုအပ်တဲ့ဒေသများအတွက် ပြည်နယ်အသီးသီးတွင် အသက်ကယ်အင်္ကျီ အသေး ၁၉၇၈၈ စုံ (တစ်စုံလျှင်တန်ဖိုးငွေကျပ် ၅၅၀၀ ဖြင့် ကျပ် ၁၀၈ ဒသမ ၁၃၄ သန်း) အသက်ကယ်အင်္ကျီအကြီး ၁၇၂၁၁ စုံ (တစ်စုံလျှင် တန်ဖိုးငွေကျပ် ၆၀၀၀ နှုန်းဖြင့် ၁၀၃ ဒသမ ၂၆၆သန်း)စုစုပေါင်း အသက်ကယ်အင်္ကျီ ၃၆၉၉၉ ထည်အတွက်ငွေကျပ်တန်ဖိုး ၂၁၂ဒသမ ၂ သန်းခန့် အသုံးပြုပြီး ခွဲဝေဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ၂၀၁၆-၁၇ခုနှစ်က အသက်ကယ်အင်္ကျီများကို နှစ်နှစ်အသုံးပြုရန်အတွက် စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆန်လက်

# အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ ICRC မြစ်ကြီးနားရုံးမှ အလုပ်ခေါ်စာ

ICRC

The International Committee of the Red Cross (ICRC) delegation in the Republic of the Union of Myanmar is an independent, impartial and neutral humanitarian organization. The ICRC undertakes humanitarian activities in various regions of the country and promotes international humanitarian law and universal humanitarian principles.

ICRC

**The ICRC is looking for suitable candidates to fill the following vacancy:**

## Administration Assistant (Welcome Post)

**Reference Number: ADMIN_MYI_2018004**
**To be based in Myitkyina.**

**Duties and Responsibilities**

- You will responsible for the well-functioning and well-running of the office management.
- You will handle incoming and outgoing phone calls during working hours and takes messages.
- You will establish the organization chart of the Sub-Delegation and keeps it up to date.
- You are responsible for stationery stock and registering mobile phone top-ups.
- You will organize flight reservations for professional trips for Delegation Employees and Expatriates and also for private trips of Expatriates.
- You will be responsible to organize airport pick-ups and drop- offs in conjunction with Logistics department.
- You will updates flight schedules, airfares, hotels and guest houses information.
- In coordination with the Finance Department, you will ensure all bills from the travel agency are settled out on due time.

**Required profile**

- It is required to have a university degree in a relevant discipline.
- You should have at least two years' experience in a secretarial or receptionist position.
- Your communication skills should be excellent and you should be fluent in written and spoken English as well as Myanmar language. The knowledge of local dialects is a definite asset.
- Very good computer skills, spread sheets, ( word, power point)
- Previous ICRC experience is also a strong asset.

**What we offer**

- We offer an employment contract of 12 months with the possibility of extension.
- Fair compensation package including, for example, medical coverage and transportation allowances.
- Various training opportunities to develop and strengthen the quality of the services provided to our beneficiaries as well as to support our staff members' professional and personal development.

All applications should include an **updated CV** and a **cover letter** expressing your motivation working with the ICRC and in the vacant position in English language. Your application should include contact details of three professional referees minimum, as well as your salary expectations.

Please send your application no later than **10 July 2018**. Interviews are expected to take place within 2 weeks days after the application closing date.

You can also submit your application via mail to:
**yan_hr_recruitment_services@icrc.org**
ICRC - Human Resources Department
No.2(C)-5, Kaba Aye Pagoda Road
8th Mile, Mayangone Township
Yangon
Or
**akhaing@icrc.org**
ICRC Sub Delegation Myitkyina- Human Resources Department
448, Myay Myint Ward, Lane 13,
Myitkyina, Kachin State.

ICRC

The International Committee of the Red Cross (ICRC) delegation in the Republic of the Union of Myanmar is an independent, impartial and neutral humanitarian organization. The ICRC undertakes humanitarian activities in various regions of the country and promotes international humanitarian law and universal humanitarian principles.

ICRC

**The ICRC is looking for suitable candidates to fill the following vacancy:**

## Technical Worker

**Reference Number: ADMIN_MYI_2018002 To be based in Myintkyina**
To be based in Myintkyina with frequent travel to Kachin State

**Duties and Responsibilities**

- As a Technical Worker, you will report to the Premises and Maintenance Responsible on the on-going maintenance activities, and proposes improvements.
- You will ensures that the generators, water pumps, sewage system, electrical board and lights are functioning and liaise with the concerned department for technical support.
- You will also maintain and repair the technical tools, equipment, and consumables in good condition of use and at appropriate storage places.
- As part of your duties, you will perform and repair minor plumbing, drainage, painting, mason, carpentry work and other basic technical maintenance work.
- You will install and repairs electrical network of the delegation and residences (short circuits fuses, lamps, cables, electrical lightning fixtures and security lights.
- Furthermore, you will maintain and perform minor repairs relating to power supply for electric equipment as copiers, printers, refrigerators and air-condition of the delegation and office.
- You will maintain servicing to overhead tank, ground tank and septic tanks in collaboration with external team and repairs and disinfect of septic tanks and latrines.

**Required profile**

- Professional education or technical diploma or equivalent and some vocational training required.
- 3 years work experience in similar field.
- Your communication skills should be excellent and you should have basic knowledge in written and spoken English as well as Myanmar language. Previous ICRC experience is also a strong asset.
- Humanitarian organization experience is a strong asset.

**What we offer**

- We offer an employment contract of 12 months with the possibility of extension.
- Fair compensation package including, for example, medical coverage and transportation allowances.
- Various training opportunities to develop and strengthen the quality of the services provided to our beneficiaries as well as to support our staff members' professional and personal development.

All applications should include an **updated CV** and a **cover letter** expressing your motivation working with the ICRC and in the vacant position in English language. Your application should include contact details of three professional referees minimum, as well as your salary expectations.

Please send your application no later than **02 July 2018**. Interviews are expected to take place within 2 weeks days after the application closing date.

You can also submit your application via mail to:
**yan_hr_services@icrc.org**
ICRC - Human Resources Department
No.2(C)-5, Kaba Aye Pagoda Road
8th Mile, Mayangone Township
Yangon
Or
**akhaing@icrc.org**
ICRC Sub Delegation Myitkyina- Human Resources Department
448, Myay Myint Ward, Lane 13,
Myitkyina, Kachin State.

မြစ်ကြီးနားသတင်းဂျာနယ်
www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal
( ဇွန် ၂၂ - ဇွန် ၂၈ ၊ ၂၀၁၈ )

# နမ္မတီးမြို့ အေဂျီအသင်းတော်တွင်ခိုလှုံနေသော ကဆုန့်စစ်ဘေးရှောင်ပြည်သူများ အရေးပေါ် အကူအညီလိုအပ်နေ

နမ္မတီး၊ ဇွန် ၁၆

နမ္မတီးမြို့ ကံလှရွာအလယ်ရပ် ဇမာန္တေလ ဇဝံဂေလိဘုရားကျောင်း၌ တိုက်ပွဲတိမ်းရှောင်ခိုလှုံနေသည့် ကဆုန့်ဒေသမှ ပြည်သူများအတွက် ငွေကြေးနှင့် အခြားအကူအညီများ အရေးပေါ်လိုအပ်နေကြောင်း စခန်းတာဝန်ခံဦးဇောင်းခေါင်က ပြောသည်။

ကဆုန့်ဒေသတွင် တပ်မတော်နှင့်ကေအိုင်အေတို့တိုက်ပွဲဖြစ်ပွားမှုကြောင့် ဧပြီလ၂၃ ရက်ကတည်းက နမ္မတီးမြို့သို့ ထွက်ပြေးတိမ်းရှောင်ရောက်ရှိနေကြသော ခါနန်ရွာမှ ပြည်သူများသည် ထိုစခန်းတွင် စုပေါင်းချက်ပြုတ်စားသောက်နေကြကြောင်း၊ လူဦးရေ တစ်ရာကျော် စားသောက်ရန်အတွက် တစ်ရက်လျှင် ထင်းဖိုးကျပ်သုံးသောင်းခန့်နှင့် ဈေးဖိုးကျပ် ၄၀၀၀၀ ခန့် ကုန်ကျနေကြောင်း၊ ကလေးကျောင်းစရိတ်များအတွက်လည်း အခက်အခဲဖြစ်နေကြောင်း ဦးဇောင်းခေါင်က ပြောသည်။

‘‘ကလေးတွေအတွက် ကျောင်းအဝတ်အစားတွေလိုအပ်နေတယ်။ တစ်ရက်ကို ခုနှစ်သောင်းလောက် သုံးတယ်ဆိုတော့ မလောက်ဘူး။ အသင်းသူအသင်းသားတွေလည်း လူနည်းတော့ ငွေကြေးသိပ်မထောက်ပံ့နိုင်ကြဘူး။ အလှူရှင်တွေလည်း သိပ်မရောက်ကြဘူး။ မိသားစုတစ်စုကို လစဉ်ကြေးထောက်ပံ့တာတွေလည်း မရသေးဘူး။ စာရင်း ကောက်ထားတာတော့ရှိတယ်”ဟု ဦးဇောင်းခေါင်က ပြောသည်။

ထို့အခက်အခဲများအပြင် ၎င်းတို့နေထိုင်သည့် မြေနေရာတွင် မိုးတွင်း ရေဝင်ရောက်မှုကြောင့် အနံ့ဆိုးများ ရှူရှိုက်နေရခြင်းကလည်း စစ်ရှောင်ပြည်သူများ၏ ကျန်းမာရေးကိုထိခိုက်နေစေသည်ဟု စစ်ဘေးရှောင် ဒေါ်ယောဟာနာက ပြောသည်။

“အိမ်ပေါ်မှာလည်း နေလို့မရဘူး။ ထမင်းချက်စားတာလည်း ခက်ခဲတယ်။ ရေက ဒူးအထိရောက်တော့ လမ်းမှာချက်စားနေရတယ်။ ထမင်းမြန်မြန်မကျက်တော့ ကလေးတွေကျောင်းနောက်ကျတယ်။ စုပေါင်းပြီးချက်စားရတာ အဆင်မပြေဘူး။ ခွဲပြီး ကိုယ့်ဘာသာကိုယ် ချက်စားချင်တယ်။ ကလေးတွေလည်း ချောင်းဆိုး၊ ဝမ်းလျှောဖြစ်နေတယ်”ဟု ဒေါ်ယောဟာနာက ပြောသည်။

အဆိုပါ ဘုရားကျောင်းအတွင်းမှ အဆောက်အအုံများသည် ဒုက္ခသည်များ သုံးလခန့် ယာယီနေထိုင်ရန် တည်ဆောက်ထားသော အဆောက်အဦများဖြစ်၍ ၎င်းတို့အတွက် မြေနေရာအသစ်လည်း လိုအပ်နေကြောင်း၊ လျှပ်စစ်မီးရရှိရန်လည်း လိုအပ်နေကြောင်း စစ်ဘေးရှောင်လာသူ ဒေါ်ညီလေးယဲ့က ပြောသည်။

၂၀၁၇ခုနှစ် ဩဂုတ်လအတွင်းကလည်း ကဆုန့်ဒေသတွင် တပ်မတော်နှင့်ကေအိုင်အေတို့ တိုက်ပွဲများဖြစ်ပွားမှုကြောင့် ယင်းဒေသမှပြည်သူများ နမ္မတီးမြို့သို့ တိမ်းရှောင်ခဲ့ကြဖူးသည်။

ဆန်လတ်၊ဆိုင်း(ကချင်မြေ)



နမ္မတီးမြို့ အေဂျီအသင်းတော်တွင် ခိုလှုံနေသော စစ်ရှောင် ဒုက္ခသည်များ

ဓါတ်ပုံ – ဆိုင်းလတ်အောင်

# နမ္မတီးရောက် ကဆုန့်စစ်ရှောင်များ ရွာတွင်ကျန်ခဲ့သော ပိုင်ဆိုင်မှုများ ပျောက်ဆုံး

နမ္မတီး၊ ဇွန် ၁၈

တနိုင်းမြို့နယ် ကဆုန့်ဒေသမှ နမ္မတီးကက်သလစ်အသင်းတော်သို့ ထွက်ပြေးတိမ်းရှောင်လာသည့်စစ်ရှောင်ပြည်သူများက ၎င်းတို့ရွာတွင် ပြန်လည်နေထိုင်ရန် ဇွန်လ ၅ ရက်နေ့က သွားရောက်ကြည့်ရှုခဲ့ရာ ၎င်းတို့ထွက်ပြေးစဉ်က ရွာတွင် ချန်ထားခဲ့သည့် ပိုင်ဆိုင်မှုများ ပျောက်ဆုံး/ပျက်စီးနေသည်ကို တွေ့ရှိခဲ့ကြောင်း ရပ်ကွက်(၁)မှ ဒေါ်ပငါကော့က ပြောသည်။

နေအိမ်နှင့် အိမ်ထောင်ပရိဘောဂပစ္စည်းများ ပျက်စီးနေသည်ကိုတွေ့ခဲ့ရခြင်းဖြစ်ပြီး အိမ်မွေးတိရစ္ဆာန် ကြက်၊ ဝက်များမှာ ပျောက်ဆုံးသွားခြင်းဖြစ်သည်ဟု၎င်းကပြောသည်။

“အိမ်ကိုပြန်လာပြီး ကြည့်တဲ့အချိန် ကိုယ့်ပိုင်ဆိုင်မှုတွေမရှိတော့ စိတ်မကောင်းဘူး။ အခုကပြန်မယ်ဆိုရင်လည်း ထမင်းချက်စားဖို့လည်း မရှိတော့ဘူး။ ဆိုလာပြားတွေလည်း မရှိတော့ဘူး။ ကျွဲ၊ နွားတွေဆိုရင်ရှာမတွေ့တော့ဘူး” ဟု ဒေါ်ပငါကော့က ပြောသည်။

ဧပြီလ၁၉ရက်နေ့ကတပ်မတော်နှင့်ကေအိုင်အေတို့တိုက်ပွဲဖြစ်ပွားမှုကြောင့် နမ္မတီးကက်သလစ်အသင်းတော်သို့ တစ်ရွာလုံး ထွက်ပြေးတိမ်းရှောင်လာခဲ့ကြစဉ် သယ်ယူနိုင်ခြင်းမရှိသဖြင့် ရွာတွင်ချန်ထားခဲ့ရသော ပစ္စည်းများ ပျောက်ဆုံး/ပျက်စီး သွားခြင်းကြောင့် နေရပ်ပြန်လည်နေထိုင်ရေးအတွက် ပိုမိုခက်ခဲနေကြောင်း ကဆုန့်ရွာသား ကိုဇော်ခွန်းက ပြောသည်။

“အိမ်ကပစ္စည်းဆိုလို့ တစ်ခုမှ မကျန်တော့ဘူး။ ထမင်းအိုတွေ ပန်းကန်တွေ မီးဖိုချောင်းသုံးပစ္စည်း၊နွားတွေလည်း သွားကြည့်တဲ့အချိန် မတွေ့မိဘူး။ နွားလှည်းလည်း မရှိတော့ဘူး။ အရမ်းစိတ်ဓာတ်ကျမိတယ်။ ကျွန်တော်တို့အဲဒီမှာနှစ်နဲ့ချီပြီး နေခဲ့တယ်။ အခုက ဘယ်လိုလုပ်ရမလဲမသိတော့ဘူး။ ပြန်ပြီးတော့ နေထိုင်မယ်ဆိုရင်ခက်ခဲမယ်။ ထောက်ပံ့မှုတွေ ပေးရမယ်”ဟု ဦးဇော်ခွန်းက ပြောသည်။

အဆိုပါဒေသသည် ယခင်က ကေအိုင်အေ တပ်မဟာ (၂) လက်အောက်ခံ တပ်ရင်း(၁၁)နယ်မြေဖြစ်ကြောင်းသိရပြီး ယင်းကျေးရွာကို တပ်မတော်မှ သိမ်းပိုက်ကာ ရွာတွင်တပ်စခန်းများချခဲ့ကြောင်း သိရသည်။

ပျောက်ဆုံး၊ ပျက်စီးမှုအများဆုံးရပ်ကွက်များမှာ ရပ်ကွက်(၁)နှင့် ရပ်ကွက်(၂)တို့ဖြစ်ကာ ထိုရပ်ကွက်များတွင် တပ်မတော်စစ်ကြောင်းများ စခန်းချနေထိုင်သွားကြောင်း၊ ကတုတ်ကျင်းများလည်း တူးထားကြောင်းဦးဇော်ခွန်းထံမှ သိရသည်။

၂၀၁၇ ခုနှစ် ဩဂုတ်လတွင် တပ်မတော်နှင့်ကေအိုင်အေ တိုက်ပွဲဖြစ်ပွားမှုကြောင့် ထွက်ပြေးခဲ့ချိန်တုန်းကလည်း ၎င်းတို့ချန်ထားခဲ့သည့်ပိုင်ဆိုင်မှုပစ္စည်းများ ခိုးယူဖျက်စီးခြင်းခံခဲ့ရဖူးကြောင်း သိရသည်။

ဆန်လတ်

# မိုင်းနားကက်သလစ်ဘာသာဝင်များ စစ်ရှောင်ဒုက္ခသည်စခန်းတွင် ဝမ်းရောဂါကူးစက်ပြန့်ပွားနေ

ဝိုင်းမော်၊ ဇွန် ၁၉

ဝိုင်းမော်မြို့နယ်၊ မိုင်းနားကက်သလစ်ဘာသာဝင်များ စစ်ရှောင်ဒုက္ခသည်စခန်းတွင် သက်ကြီးရွယ်အိုနှင့် ကလေးများ ဝမ်းပျက်ဝမ်းလျှောကူးစက်ရောဂါဖြစ်ပွားနေကြောင်း စခန်းဒုတာဝန်ခံ ဦးဝိုင်းဒူက ပြောသည်။

ဝမ်းရောဂါ ဖြစ်ပွားရခြင်းသည် ဒုက္ခသည်စခန်းအတွင်းရှိ သောက်သုံးရေတွင်းမှ ရေညစ်ညမ်းမှုကြောင့် ဖြစ်ကြောင်း သိရသည်။

“ဝမ်းပျက်ဝမ်းလျှောကူးစက်ရောဂါက ရေကြောင့်ဖြစ်တာ ရေတွင်းက မိုးကျတဲ့အချိန်ဆို ရေကတက်လာပြီး နောက်လာတယ်။ ရေမသန့်တာ ခပ်သောက်တာကြောင့် ဝမ်းဗိုက်နာရောဂါဖြစ်တာ၊ အခု အိမ်တိုင်းလိုလို ဖြစ်နေတာ” ဟု ဦးဝိုင်းဒူက ရှင်းပြသည်။

မေလပိုင်းမှ စတင်၍ ဒုက္ခသည်စခန်းအတွင်း ကူးစက်ပြန့်ပွားလာကြောင်းနှင့် ပြည်သူအချို့မှာ အပြင်ဆေးခန်းများတွင် သွားရောက်ကုသခံမှုယူနေကြောင်း သိရသည်။

“ကျွန်မသားက ဆေးစားလို့ကောင်းသွားတာ သုံးလေးရက်ရှိသေးတယ်။ အခုဒီညနေပိုင်း ဝမ်းနာပြီးပြန်သွားနေတယ်။ အစာ စားမှားတာတော့ မရှိဘူး။ သောက်သုံးရေကြောင့်ဖြစ်တာလို့ ယူဆတယ်”ဟု ဒေါ်ဘောက်ဆန်က ပြောသည်။

ဒုက္ခသည်စခန်းအတွင်း နေထိုင်နေသော ပြည်သူများသည် ကျန်းမာရေးဝန်ထမ်းအချိန်ပြည့် မရှိသောကြောင့်လည်း အခက်အခဲ ဖြစ်ပေါ်နေကြောင်းနှင့် အချို့မှာ စခန်းအတွင်းရှိ ဆေးခန်းတွင်ကုသကြပြီး တချို့က အပြင်ဆေးခန်းတွင် ကုသနေကြောင်း သိရသည်။

အဆိုပါ စစ်ရှောင်စခန်းတွင် လူဦးရေ ၁၀၀၀ ကျော်နေထိုင်လျှက်ရှိပြီး ရေတွင်း ၁၁ တွင်းမှရေကို အတူပူးပေါင်းသောက်သုံးနေကြောင်း သိရသည်။

ဆန်လတ်



# စစ်ရှောင်ပြည်သူတွေကို ထောက်ပံ့နေတဲ့ ဒေါ်လဖိုင်နန်ပရီနှင့်တွေ့ဆုံခြင်း

ကချင်ပြည်နယ်အတွင်း တိုက်ပွဲများကြောင့် ကျေးလက်ဒေသကပြည်သူ တစ်သိန်းကျော်ဟာ စစ်ရှောင်စခန်းတွေမှာ တိမ်းရှောင်နေကြပါတယ်။ စစ်ရှောင်ပြည်သူတွေရဲ့ လက်ရှိအခြေအနေ၊ အခက်အခဲ၊ ခံစားချက်တွေနဲ့ ပတ်သက်ပြီး စစ်ရှောင်ပြည်သူတွေကို ကူညီထောက်ပံ့နေတဲ့ အဖွဲ့အစည်းတစ်ခုဖြစ်တဲ့ အနုပညာပိုးတဘက် (Shingni Nbat ) အဖွဲ့ဥက္ကဋ္ဌ ဒေါ်လဖိုင်နန်ပရီနှင့် မြစ်ကြီးနားသတင်းဂျာနယ်က သွားရောက်တွေ့ဆုံ မေးမြန်းခဲ့တာကို ဖော်ပြပေးလိုက်ပါတယ်။

Salai မေးမြန်းသည်

**Shingni Nbat (အနုပညာပိုးတဘက်) အဖွဲ့ကစစ်ရှောင်ပြည်သူတွေအတွက် ဘယ်လိုကူညီပေးမှုတွေ ပြုလုပ်နေပါသလဲ။**

ကျွန်မတို့ Shingni Nbat အဖွဲ့က စစ်ရှောင်တွေကို ကချင်အနုပညာရှင်တွေနဲ့ရော နိုင်ငံကျော်တေးသံရှင်စတဲ့သူတွေကို အကူအညီတောင်းပြီးမှ ရန်ပုံငွေရှာတယ်။ အဲဒီကရတဲ့ဟာနဲ့ ကူညီတယ်၊ ပြီးရင် ကျွန်မတို့ဒီလိုကူညီနေတာတွေ့တဲ့ ပြည်သူလူထုတွေက လှူဒါန်းလာတဲ့ ဟာတွေနဲ့ ကူညီတဲ့အဖွဲ့ဖြစ်တယ်။ လူမှုရေးအဖွဲ့ အလုပ် လူသားချင်းစာနာထောက်ထားပြီးလူမှုရေးအဖွဲ့ အစည်းသန့်သန့်အဖွဲ့ ဖြစ်တယ်။

**ကချင်ပြည်နယ်မှာရှိတဲ့ စစ်ရှောင်ပြည်သူတွေရဲ့ နောက်ဆုံးအခြေအနေ ဘယ်လိုရှိနေလဲ။**

သူတို့မှာ အခက်အခဲပေါင်းများစွာရှိနေတယ်။ နေရတာလည်းခက်ခဲတယ်။ အခုက မိုးတွင်းရောက်ပြီဆိုတော့ မိုးကာအောက်မှာနေရတယ်။ မိုးကာကလည်း ကောင်းတာမဟုတ်တဲ့အတွက် မိုးအရမ်းသည်းရင် မိုးယိုတယ်၊ ဒီလိုအခက်အခဲတွေနဲ့ ရင်ဆိုင်နေရတယ်။ သမံတလင်းမှာ အိပ်ရတဲ့အတွက် အဆင်မပြေဘူး။ အခုလောလောဆယ် မိုးတွင်းကာလဖြစ်တဲ့အတွက် ကျန်းမာရေးပြဿနာတွေနဲ့ ရုန်းကန်နေရတယ်။ ပြီးရင် အစားအသောက် အခက်အခဲရှိနေတယ်။ ကျွန်မတို့သွားတဲ့အချိန်မှာဆိုရင် ဘာတွေကူညီပေးရမလဲဆိုပြီးမေးတဲ့အခါမှာ အသားဓာတ်အားနည်းနေတယ်။ အသားပဲဝယ်ကျွေးပါဆိုတာတွေရှိတယ်၊ အာဟာရလည်းလိုအပ်နေတယ်။ ကျောင်းနေတဲ့ကလေးတွေလည်း ကြာရင် အာဟာရပြတ်လာနိုင်တယ်။ အခုက စစ်ရှောင်တဲ့ကာလက ၇ နှစ်ရှိလာပြီဆိုတော့ အာဟာရဓာတ်ချို့တဲ့ရောဂါက ရှိလာတယ်။ နောက်ပြီး ကျောင်းဖွင့်လာတဲ့အချိန်မှာ စစ်ရှောင်ကဆိုပြီးတော့ ကျောင်းမှာကျူရှင်မယူလို့မရဘူး။ ကျူရှင်ယူရတယ်။ ပြီးရင်စစ်ရှောင်ထဲမှာဆိုတော့ ကလေးရော လူကြီးရော အရမ်းများတယ်။ ထောင်ဂဏန်းနဲ့နေရတဲ့အတွက် စာကျက်ရတာ အရမ်းအခက်အခဲဖြစ်တယ်။ အဲဒီအခက်အခဲကိုဘယ်လိုဖြေရှင်းရလဲဆိုရင် အဆောင်မှာနေရတယ်။ တတ်နိုင်တဲ့ လူမှုအဖွဲ့အစည်းတွေက အဆောင်ကြေးတွေ၊ ကျူရှင်ကြေးတွေပေးတာ ရှိတယ်။ မြို့မှာရှိတဲ့ ကလေးတွေအားလုံးက ကျူရှင်ယူကြတော့ သူတို့လည်း မယူလို့မရဘူး။ ကျူရှင်က အခက်အခဲဖြစ်နေတယ်။ တခြားကတော့ ကျန်းမာရေး၊ စားသောက်ရေး စတာတွေကတော့ နောက်ဆုံးအခြေအနေရဲ့ အခက်အခဲတွေပါ။

**စစ်ရှောင်တွေကို ထောက်ပံ့လှူဒါန်းကြတဲ့အနေအထားကရော အခုနောက်ပိုင်းတွေမှာ နည်းလာသလား၊ များလာသလား။**

ကူညီတဲ့ အဖွဲ့အစည်းက နည်းလာတယ်လို့မြင်တယ်။ နည်းလာတယ်လို့လည်း ကြားတယ်။ သူတို့ခံစားချက်ကို မေးတော့ နည်းလာတယ်လို့ပြောကြတာ တွေ့ရတယ်။ အခုလူမှုအဖွဲ့အစည်းသီးသန့် NGOs တို့မရောဘဲနဲ့လောလောဆယ် ကူညီနေတာဆိုရင် Mali Igar နဲ့ ကျွန်မတို့ Shingni Nbat အဖွဲ့ရှိတယ်။ သူတို့နဲ့ အချိတ်အဆက်လုပ်တာတွေ ရှိတယ်။ သူတို့သွားခဲ့တဲ့ စစ်ရှောင်မှာ ဘာတွေပေးပြီးပြီလဲဆိုရင် သူတို့အဖွဲ့ လှူဒါန်းပြီးတာတွေကို ရှောင်ပြီး တခြားပစ္စည်းတွေ ထောက်ပံ့တာတွေ ရှိတယ်။ အဲ့လို မတူညီတဲ့လိုအပ်ချက်တွေကို လှူဒါန်းတာတွေတော့ရှိတယ်။

**ဒီလိုစစ်ရှောင်ပြည်သူတွေ ကို ကူညီထောက်ပံ့မှုတွေက ဘာလို့နည်းလာတယ်လို့ မြင်သလဲခင်ဗျ။**

စစ်ရှောင်တွေ နေလာတာက အချိန်လည်းကြာလာပြီ စီးပွားရေးလည်း အခက်အခဲတွေ များလာတယ်။ သူတို့ကိုယ်တိုင်ကလည်း အခက်အခဲရှိလာတယ်။ ဒီစစ်ရှောင်နေတဲ့ လူအုပ်ကြီးကို အချိန်ပြည့်ထောက်ပံ့နေမယ်ဆိုရင် ကူညီထောက်ပံ့နေတဲ့ လူတွေအတွက်လည်း အခက်အခဲဖြစ်လာတာပေါ့။

**ထောက်ပံ့ကူညီမှုတွေနည်းလာတဲ့အပေါ် စစ်ရှောင်တွေဘက်ကို ဘယ်လိုမျိုးတွေပြောဆိုတာရှိလဲ။ သူတို့ဘက်က အခြေအနေ ဘယ်လိုရှိနေပါသလဲ ။**

စစ်ရှောင်တွေကို တချို့က ပြောကြတယ်၊ အရမ်းပျင်းကြတယ်၊ အလုပ်မလုပ်ချင်ကြဘူး၊ အကူအညီပဲ စောင့်မျှော်ပြီးတော့ စားကြတယ်၊ လာကူညီမယ့်ဟာကိုပဲ စောင့်ပြီးနေတယ်လို့ အပြင်ကနေကြည့်လိုက်ရင်တော့ အဲ့လိုမြင်မယ်။ တကယ်အခက်အခဲကို ကိုယ်တိုင်သွားပြီးမြင်တာက ဘာလဲဆိုရင် သူတို့တတ်နိုင်သလောက် ကြိုးစားတယ်။ တချို့အိမ်ထောင်တွေဆိုရင် မုဆိုးမနဲ့ကလေးပဲရှိတာ အလုပ်သွားလုပ်ဖို့ အဆင်မပြေဘူး။ တချို့ကျတော့ မသန်စွမ်းတွေရှိတယ်၊ ကျန်းမာရေးအခြေအနေအရ အခက်အခဲတွေရှိတယ်။ လုပ်နိုင်တဲ့လူတွေကျတော့ တတ်နိုင်သလောက်ကြိုးစားပြီးလုပ်နေကြတယ်။ ကျွန်မတို့သွားတဲ့ စစ်ရှောင်တွေမှာဆိုရင် ဝါးနဲ့လုပ်လို့ရတဲ့လက်မှုပညာတွေ၊ ပါလချောင်ကြော်တွေ၊ ဆပ်ပြာရည်လေးတွေလုပ်ပြီး ရောင်းကြတာရှိတယ်။ အပြင်ကနေကြည့်ရင်တော့ လာလှူတာပဲ စောင့်တယ်လို့မြင်တယ် တကယ်မှာတော့ သူတို့မှာ စိတ်ဓာတ်ကျတဲ့စိတ်ကျရောဂါသူတို့ဆီမှာရှိတယ်။ အဲဒီလူတစ်ယောက်က ဘာမှအလုပ်လုပ်ချင်တဲ့ စိတ်လည်း ရှိမှာမဟုတ်ဘူး။ ဥပမာကလေးတွေဖျားနာမယ်၊ သုံးဖို့မရှိဘူး။ ဖိနပ်ဖိုးတွေ၊ ကျောင်းတက်တော့မယ်၊ အဝတ်အစားဖိုး၊ စာရေးကိရိယာဖိုးမရှိဘူးစတဲ့အခက်အခဲတွေ အများကြီးရယ်။ ခြောက်နှစ်ခုနှစ်နှစ်ကာလမှာ အခက်အခဲဖြစ်နေတဲ့ စစ်ရှောင်တွေက ကျွန်မတို့အပြင်ကနေကြည့်လိုက်ရင် ပျင်းနေတယ်လို့မြင်တာ တကယ်တမ်းသူတို့မှာ စိတ်ကျရောဂါစွဲကပ်နေပြီလို့ မြင်တယ်။ တတ်နိုင်တဲ့ဘက်က အားပေးတယ်။ လုပ်နိုင်တဲ့အလုပ်ကို ကြိုးစားပြီးလုပ်ဖို့ အားပေးတာတွေတော့ ရှိတယ်။ တချို့ဆို တတ်နိုင်သလောက်နေ့စားလုပ်တယ်။ မိန်းကလေးတွေဆို စက်ချုပ်သင်ပြီး လုပ်စားတာတွေရှိလာပါပြီ။ ဘာမှမလုပ်ကြဘူး။ လာကူညီတာကိုပဲ စောင့်နေကြတယ်ပဲ မြင်ကြတယ်။ ဘယ်သူမဆို ဘယ်လောက်ပဲချမ်းသာသည်ဖြစ်စေ၊ ဆင်းရဲသည်ဖြစ်စေ ဘယ်သူမဆို ကိုယ့်မြေကိုယ့်ယာ၊ ကိုယ့်အိမ်ကိုယ့်အိပ်ယာမှာပဲ အိပ်ချင်ကြတာပဲ။ ဒီလို ဟောခန်းကြီးမှာ မိုးကာအောက်မှာ နေရတယ်ဆိုတာ မလွယ်ကူပါဘူး။ နေချင်မှာမဟုတ်ဘူး။ အခက်အခဲပေါင်းများစွာ အားငယ်မှုပေါင်းများစွာနဲ့ပါ။ ဘယ်သူမဆိုအလကားရတဲ့အကူအညီကတော့မယူချင်ပါဘူး။လာပေးနိုင်ရင် အနည်းအကျဉ်းပါပဲ။ ကျွန်မတို့ဆိုလည်း ဘယ်နှကြိမ်ပေးနိုင်မှာလဲ။ ကျွန်မတို့အဖွဲ့ဆို အနုပညာရှင်ကိုအားပြုပြီးမှ အလှူငွေရှာပြီး ကူညီတယ်။ တစ်နှစ်ကိုဘယ်နှခါပေးနိုင်မှာလဲ။ show ပွဲတွေ ခဏခဏလုပ်လည်း သူများအတွက်ရိုးနေပြီ၊ မထည့်ချင်တော့ဘူး။ နှစ်တွေကြာလာတဲ့အတွက် သူတို့မှာဒါတွေအခက်အခဲရှိပါတယ်။ သူတို့မှာ စိတ်ရဲ့ဒဏ်ရာတွေ တော်တော်ရနေကြပါပြီ။ စစ်ရှောင်တွေကိုပျင်းတယ်၊အလုပ်မလုပ်ချင်ဘူးလို့ပြောတဲ့သူတွေ စစ်ရှောင်စခန်းမှာ လာနေကြည့်ပါ။ တစ်လလောက်ပဲလာနေကြည့်ကြပါ။ လွန်ခဲ့တဲ့အပတ်မှာ တနိုင်းကိုသွားတော့ နေလည်းအရမ်းပူတယ်။ နေပူတဲ့အချိန်မှာအရမ်းပူတယ်။ မိုးရွာတဲ့အချိန်မှာ အရမ်းရွာတယ်။ ခြင်ကလည်းပေါ၊ ကိုက်သလားမမေးပါနဲ့ အပြင်ကနေလာနေကြည့်ပါ။ အများကြီးမလိုပါဘူး၊ တစ်ပတ်လောက်ပဲ လာနေကြည့်ပါ။ ဘယ်လိုမှနေနိုင်ကြမှာ မဟုတ်ဘူး ကိုယ်ကိုယ်တိုင် ဒီအခက်အခဲကို ကျော်လွှားနိုင်တယ်လို့ထင်မှ ဒီစကားကိုပြောရင် ကောင်းမယ်လို့ ကျွန်မကတော့မြင်တယ်။

**လက်ရှိကချင်ဒေသမှာရှိတဲ့စစ်ရှောင်စခန်းတွေထဲမှာ ဘယ်ဒေသက စစ်ရှောင်စခန်းက အခက်အခဲဆုံးဖြစ်မလဲ။**

သူ့ဟာနဲ့သူတွေ အခက်အခဲတွေနဲ့ပါ။ မြို့ပေါ် မြို့တွင်းမှာရှိတဲ့ စစ်ရှောင်ပြည်သူတွေက စိတ်ရဲ့လုံခြုံမှုကြောင့် နည်းနည်းအားသာချက်ရှိမယ်။ ပြီးရင် ခရစ်ယာန်ဆိုရင်လည်း ဘုရားကျောင်းကနေ သူတို့ကို ဝိုင်းပြီးကူညီနေတာ ရှိတယ်။ ဗုဒ္ဓဘာသာဆိုလည်း ဘုန်းကြီးကျောင်းက ကူညီနေကြတာရှိတယ်ဆိုတော့ သူတို့အတွက် လုံခြုံမှုရှိတယ်။ ဒီထက်ဝေးတဲ့ ဒေသတွေမှာတော့ ပိုပြီးခက်ခဲမယ်။ ဒီအကူအညီကလွဲလို့ရှိရင် တခြားအခက်အခဲကတော့ အားလုံးအတူတူပါပဲ။ စစ်ရှောင်တာချင်းက အတူတူပဲဆိုတော့ အခက်အခဲလည်း အတူတူဖြစ်မယ်လို့ မြင်ပါတယ်။

**ဒါဆို စစ်ရှောင်ပြည်သူတွေက လက်ရှိ အနေအထားအထိတော့ လှူဒါန်းမှုတွေကိုပဲ အားကိုးနေရဦးမယ့် အနေအထားပဲရှိနေသေးတာပေါ့နော်။**

စစ်ရှောင်စခန်းတွေ အတွက်လှူဒါန်းမှုတွေအများကြီးလိုအပ်နေပါသေးတယ်။ ဒီအချိန်ဆိုရင် ကျောင်းနေချိန် ၈ တန်း ၉ တန်းက အခြေခံမရှိတော့ဘူး။ အခြေခံမရတော့ ကျောင်းမနေချင်တော့ဘူး။ ဒီလိုဆိုတော့ ပျက်စီးတဲ့ကလေးတွေများလာမယ်။ မူးယစ်ဆေးဝါးကြိုက်လာတဲ့ကလေးတွေ များလာမယ်။ သူတို့က နဂိုကတည်းက စိတ်ရဲ့အာဟာရတွေ မပြည့်လာတော့ ဒီကလေးက ကျွန်မတို့တိုင်းပြည်အတွက်လူ့အရင်းအမြစ်ဆုံးရှုံးမှု အများကြီးရှိလာနိုင်တယ်။

**ပြည်ထောင်စုအစိုးရက စစ်ရှောင်တွေပြန်ဖို့ စီစဉ်နေတယ်လို့သိရတယ်။တကယ်ရောပြန်လို့ရတဲ့အနေအထားမှာ ရှိနေပြီလား။**

အစိုးရက စစ်ရှောင်တွေ ပြန်ဖို့စီစဉ်နေတယ်ကြားတော့ အရမ်းကိုဝမ်းသာတယ်။ ဘယ်သူမှ ဒီစစ်ရှောင်စခန်းမှာမနေချင်ကြပါဘူး။ ပြည်ထောင်စုအစိုးရကနေပြီးမှ ပြန်ဖို့အတွက် လုံခြုံမှုအပြည့်ပေးမယ်၊ လုံခြုံမှုဆိုတာက နှစ်ဘက်အဖွဲ့အစည်းက ဒီပြည်သူတွေ နေရပ်ပြန်ဖို့အတွက် လုံခြုံဖို့အတွက် မိုင်းတွေရှင်းလင်းပြီလား။ လုံခြုံဖို့ အသက်အာမခံပေးနေပြီးလား။ ဒါတွေမရှိဘူးဆိုရင် ပြန်ကြမှာပါ။ ဘယ်သူမှ မနေချင်ဘူး။ သူတို့ကိုမေးလိုက်ရင် ဒီနေ့ပြန်ခိုင်းရင် ဒီနေ့ပြန်ချင်တယ်။ အဓိက လုံခြုံမှုပဲ၊ နှစ်ဘက်အဖွဲ့ရဲ့ အနေအထားက ဒီပြည်သူတွေပြန်သွားလို့ရှိရင် လုံခြုံမှုတွေဘယ်လောက်အထိ ပေးနိုင်မလဲပေါ့။ ဒါတွေကို စီစဉ်ပေးရင်တော့ ချက်ခြင်းအိပ်ယာလိပ်ပြီးပြန်မယ့် စစ်ရှောင်ပြည်သူတွေကြီးပါပဲ။

**ကချင်ပြည်နယ်အတွင်း ပဋိပက္ခတွေကြောင့် တိုက်ပွဲတွေဖြစ်ပွားနေကြတဲ့ မြန်မာ့တပ်မတော်နှင့် ကေအိုင်အေအဖွဲ့ကိုရော စစ်ရှောင်ပြည်သူတွေရဲ့ အခက်အခဲနဲ့ပတ်သက်ပြီး ဘာများ တောင်းဆိုချင်ပါသလဲ။**

စစ်ရေးကတော့ ကျွန်မတို့ မသိဘူး။ ဒါပေမယ့်စစ်ကြောင့် ဒီလိုစစ်ရှောင်တွေ ဒုက္ခရောက်နေတယ်ဆိုတော့ အမြန်ဆုံးငြိမ်းချမ်းစေချင်တယ်။ တကယ်လို့ စစ်ဖြစ်မယ်ဆိုရင်တော့ ပြည်သူလူထုတွေ လွတ်မယ့် အန္တရာယ်ကင်းမယ့်နေရာမှာပဲ ဖြစ်စေချင်တယ်။ မဖြစ်ရင်တော့ အရမ်းကိုကောင်းမွန်တာပေါ့လို့ လက်နက်ကိုင်အဖွဲ့နှစ်ဖွဲ့ကိုလည်း ပြောချင်ပါတယ်။

**စစ်ရှောင်ပြည်သူအရေးနဲ့ပတ်သက်လို့ မြစ်ကြီးနားသတင်းဂျာနယ် စာဖတ်ပရိသတ်ကိုရော ဘာများပြောချင်ပါသလဲခင်ဗျ။**

လူမျိုးမခွဲခြား၊ ဘာသာမခွဲခြားပဲ ဒီစာဖတ်ပရိသတ်ကလည်း လူသားချင်းစာနာတဲ့အနေနဲ့ ဒီစစ်ရှောင်မပြန်ခင်လေးမှာ ပါဝင်ခိုင်းစေချင်တယ်။ မေတ္တာထားခိုင်းစေချင်တယ်။ ဆုတောင်းခိုင်းစေချင်တယ်။ လိုအပ်တဲ့ အရာအများကြီးရှိနေသေးတဲ့အတွက် တတ်နိုင်တဲ့ဘက်က ကူညီပေးစေလိုပါတယ်။ ပြီးတော့ ကျွန်မတို့ အဖွဲ့အစည်းက ဒီအနုပညာနဲ့ပူးပေါင်းပြီးရှာထားတဲ့ ရန်ပုံငွေရယ် ပြည်သူတွေကပေးတဲ့ အလှူငွေကို စစ်ရှောင်ပြည်သူတွေကို ပညာရေးနဲ့ဆိုင်တဲ့ ကျူရှင်ခ၊ ည guide၊ စာရေးကိရိယာ၊ ထီး၊ ဖိနပ် ဆောင်းရာသီဆို အနွေးထည်၊ စောင်၊ အဝတ်အစားတွေပေးတယ်။ အစားအသောက်နဲ့ပတ်သက်လို့ အ

စာ - ၁၈ သို့ »

# အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတိုက်ဖျက်ရေးနေ့တွင် ခေါန်နန်စင်မိခင် ဝမ်းနည်းစကားပြော



မြစ်ကြီးနား၊ ဇွန် ၁၉

မြန်မာနိုင်ငံမှာ ပဋိပက္ခဖြစ်ပွားရာဒေသက အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တိုက်ဖျက်ရေး (Sexual Violence in Conflict Area)နေ့သည် ဇွန်လ ၁၉ ရက်နေ့ဖြစ်သည်။

အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတိုက်ဖျက်ရေးနေ့တွင် ရှမ်းပြည်မြောက်ပိုင်း ကောင်းခါးရွာတွင် အဓမ္မပြုကျင့်ခံရပြီး သေဆုံးသွားခဲ့သည့် အဖြစ်အပျက်များကို ဆရာမတန်ဘောင်ခေါန်နန်စင်၏ မိခင်ဒေါ်လုဘူက ပြောသည်။

အဓမ္မပြုကျင့်ပြီးသတ်ဖြတ်ခံရသူ၏ မိခင်တစ်ဦးအနေနှင့် "တစ်ပါးသူရဲ့လက်ထဲမှာ ဒဏ်ရာအများကြီးနဲ့ ဆုံးသွားတာဆိုတော့။ သမီးလေးကို အရမ်းသနားတယ်။ ချက်ချင်းသေသွားရင်တော့ တစ်မျိုးပေါ့။ အသက်မသေခင်မှာ သူတို့နှိပ်စက်ခံနေရတဲ့အချိန်မှာ ဘယ်လိုများ ခံစားခဲ့ရပြီလဲဆိုပြီး တွေးမိရင် အရမ်းဝမ်းနည်းတယ်။အရမ်းငိုချင်တယ်။မဆုံးသေးတဲ့ခင် သူတို့နှစ်ယောက်ကို အဲလိုမျိုးဒဏ်ရာဒဏ်ချက်အဲဒီလောက်များအောင် နှိပ်စက်နေတဲ့အချိန်မှာ ဘယ်လိုများခံစားခဲ့ရပြီလဲဆိုပြီး အရမ်းသနားတယ်။အရမ်းဝမ်းနည်းတဲ့ခံစားမှုတွေ ဖြစ်တာပေါ့။ တကယ်လို့ ကျွန်မနေနဲ့ သမီးနှစ်ယောက်ကို သတ်လိုက်တဲ့သူကို ပြောချင်တာက ဘာမှအပြစ်မရှိတဲ့ ကလေးမနှစ်ယောက်ကို အဲ့လောက်ဒဏ်ရာဒဏ်ချက်တွေနဲ့ ဘာကြောင့်သတ်လိုက်ရတာလဲ။ သတ်မယ်ဆိုလည်း အဲ့လောက်ဒဏ်ရာမရှိစေနဲ့ပေါ့နော်။ သေနတ်ကိုင်တဲ့သူဆိုရင်လည်း ချက်ချင်း ပစ်သတ်လိုက်ပေါ့နော။ ဓားမြှောင်နဲ့ဆိုရင်လည်း တစ်ခါတည်း သေစေမယ့်နေရာမှာ ထိုးသတ်လိုက်ပေါ့။ နောက်ပြီး မေးချင်တာက ရှင့်မှာရော အမေတွေ၊ အဖွားတွေ၊ ညီမတွေ၊ အစ်မတွေ၊ သမီးတွေ မရှိဘူးလားလို့ အရမ်းပြောချင်တယ်" ဟု ပြောသည်။

ဆရာမနှစ်ဦးနေထိုင်သည့် အဆောင်သည် ခမရ စစ်ကြောင်းအဖွဲ့နှင့် ပေတစ်ရာခန့်အကွာနေရာတွင် ရှိသည့်အကြောင်း၊ စစ်ကြောင်းအဖွဲ့မှ ဗိုလ်ကြီးတစ်ယောက်က ရွာကလူကြီးကို ၎င်းဆရာမနှစ်ယောက် ဘယ်ကလာသလဲ၊ စာသင်ကျောင်းက အစိုးရကျောင်းလား စသည့်မေးခွန်းများ မေးသည့်အခါ အစိုးရကျောင်း မဟုတ်ကြောင်း၊ ကေဘီစီမှလွှတ်ပေးသည့် စေတနာ့ဝန်ထမ်းကျောင်းဆရာမဖြစ်ကြောင်း ရွာလူကြီးက ပြန်ဖြေခဲ့သည်ဟု သိရသည်။

ထိုသို့မေးမြန်းခဲ့သည့် ညတွင် ဆရာမနှစ်ဦးအသတ်ခံရခြင်းကြောင့် ကေဘီစီစေတနာ့ဝန်ထမ်းဟု ပြောခဲ့သည့်အတွက် အသတ်ခံရသည်လားဟု သံသယဖြစ်ခဲ့မိကြောင်းကို ဆက်လက်ပြောပြသည်။

"သမီးနှစ်ယောက်က ဘာအမှားမှမရှိဘူးလေ၊ ဘယ်သူနဲ့မှ ဘာရန်ညိုးရန်စမှ မရှိဘူး၊ တကယ်လို့များ အဲဒီည အဲဒီနေရာမှာ သူတို့စစ်ကြောင်းတွေမရှိတဲ့အချိန်မှာ ဖြစ်ရင်တော့တစ်မျိုးပေါ့၊ အခုဟာက သူတို့(စစ်ကြောင်း)တွေ နေတဲ့နေရာက ပေတစ်ရာလောက် အကွာမှာပဲလို့ ဆရာတွေက ပြောပြတယ်"ဟု ပြောသည်။

စစ်ပွဲဒေသတွင် အမျိုးသမီးများ လုံခြုံမှုလုံးဝမရှိကြောင်း စစ်ပွဲဒေသသာမက မြို့ပေါ်ရပ်ကွက်တွင်လည်း အမျိုးသမီးများအတွက် လုံခြုံမှုမရှိကြောင်း၊စစ်ပွဲဒေသတွင်အမျိုးသမီးများအား အဓမ္မပြုကျင့်ခြင်းသည် အားနည်းသူများကို နိုင်လိုမင်းထက်ပြုလေ့ရှိသော ပြုကျင့်သူတို့၏ ခံယူချက် ကြောင့်ဖြစ်ကြောင်း ဒေါ်လုဘူက ဆက်ပြောသည်။

စေတနာ့ဝန်ထမ်းကျောင်းဆရာမနှစ်ဦးသည် ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁၉ ရက်နေ့ညက ရှမ်းပြည်မြောက်ပိုင်း ကောင်းခါးရွာတွင် အဓမ္မပြုကျင့်ခံရပြီး အသတ်ခံခဲ့ရသည်။ ထိုအမှုသည် ၄ နှစ်ပြည့်လာသော်လည်း ယနေ့ချိန်အထိ အမှန်တရားမပေါ်ပေါက်သေးကြောင်း သိရသည်။

စစ်မြေပြင်တွင် ရောက်ရှိနေသည့် အမျိုးသမီးများ၏ လုံခြုံမှုက "ဥပဒေမှာလည်း နည်းနည်းလိုအပ်တာပေါ့။ စစ်မြေပြင်မှာ အမျိုးသမီးတွေ အဓမ္မပြုကျင့်ခံရတယ်၊ သတ်ဖြတ်ခံရတယ်၊ ဒါပေမယ့် လက်တွေ့တွေ့ရှိရင်တောင်မှ သူတို့က ဘာမှအရေးမယူပေးဘူးဆိုတော့ လုပ်တဲ့သူက အမြဲတမ်းလုပ်ရဲတဲ့စိတ်က သူတို့မှာ အမြဲတမ်းရှိနေတယ်။ စစ်တပ်ကပဲဖြစ်ဖြစ်ပေါ့။ ပြစ်မှားတဲ့သူကို သူတို့အပြစ်နဲ့ ထိုက်သန့်တဲ့ပြစ်ဒဏ်မပေးတဲ့အတွက် လုပ်တဲ့သူကမကြောက်ဘူး။ သူတို့စိတ်မှာ အဲလိုဖြစ်နေတာဆိုတော့ ဖြစ်လည်းဖြစ်နေတာပဲ။ အရေးယူပေးတာလည်း မရှိဘူး။ ပြစ်ဒဏ်ချတာလည်းမရှိဘူး"ဟု ပြောခဲ့သည်။

အမျိုးသမီးတစ်ယောက်ဖြစ်ရခြင်းအတွက် ဘယ်သွားသွား ဘာလုပ်လုပ်ကြောက်နေရကြောင်း အမျိုးသမီးဖြစ်ရသည့်အတွက် ရပ်တည်နိုင်သည့် စွမ်းအားမရှိသလိုခံစားရကြောင်းလည်း ၎င်းက ပြောသည်။

လဖိုင်လု၊ ခေါင်နုတ်

# မိုးညှင်းမြို့တွင်း ယာဉ်ကြောပိတ်ဆို့မှုများ ဖြေရှင်းနိုင်ရန် အဝေးပြေးယာဉ်လိုင်းများ ရပ်နားချိန်နှင့် ကုန်တင်ယာဉ်များ အဝင်အထွက် ကန့်သတ်

ဇွန် ၁၈

ခရီးသည်တင် အဝေးပြေးယာဉ်လိုင်းများ မိုးညှင်းမြို့အတွင်း ဖြတ်သန်းရပ်နားချိန်ကို ယာဉ်လိုင်းတာဝန်ခံများအား ခေါ်ယူတွေ့ဆုံကန့်သတ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကန့်သတ်မှုသည် မြို့အတွင်း ယာဉ်အန္တရာယ်ကင်းရှင်းစေရန်နှင့် ယာဉ်ကြောပိတ်ဆို့မှုများကို ဖြေရှင်းပေးနိုင်ရန်အတွက် ဇွန်လ ၁၉ ရက်နေ့ နေ့လယ် ၁၀ နာရီအချိန်က လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဌာနရုံးခန်းမတွင် ယာဉ်လိုင်း ၁၉ လိုင်းမှ တာဝန်ခံများနှင့် ညှိနှိုင်းခဲ့ကြောင်း မိုးညှင်းမြို့နယ်အုပ်ချုပ်ရေးမှူးထံမှ သိရသည်။

"မိုးညှင်းမြို့အတွင်းကို နယ်ဝေးက ယာဉ်လိုင်းတွေနဲ့ ကုန်တင်ယာဉ်တွေ အရှိန်ပြင်းစွာ ဖြတ်သန်းနေလို့ ယာဉ်ကြောပိတ်ဆို့မှုနဲ့ ယာဉ်အန္တရာယ်တွေ ဖြစ်ပေါ်စေနိုင်ပါတယ်။ အခုဆိုအစိုးရကျောင်းတွေလည်း ဖွင့်ချိန်ဖြစ်နေပါတယ်။ ကျောင်းသားကျောင်းသူတွေ ယာဉ်အန္တရာယ်ကင်းရှင်းစေဖို့အတွက် ယာဉ်အမျိုးအစားအလိုက် ကန့်သတ်နယ်မြေနဲ့ ဖြတ်သန်းရမယ့်အချိန်တွေကို ညှိနှိုင်းဆုံးဖြတ်ခဲ့ကြတာပါ"ဟု မိုးညှင်းမြို့နယ်အုပ်ချုပ်ရေးမှူးဦးရဲအောင်က ပြောသည်။

မိုးညှင်းမြို့အတွင်းရှိ ပြည်ထောင်စုလမ်းမကြီးပေါ်တွင် ကုန်တင်ယာဉ်များနှင့် လူစီးကားကြီးများက အချိန်ကြာမြင့်စွာရပ်တန့်မှုများကြောင့် မိုးညှင်းမြို့နားခါရပ်ကွက် တရုတ်ဘုံကျောင်းရှေ့၊ ဘူတာရုံလမ်းဆုံထောင့်၊ မြို့မဈေးကြီးလမ်းဆုံထောင့်၊ ဟိုတယ်မိုးညှင်းလမ်းဆုံထောင့်၊ နောင်စွန်းတံတားအနီးလမ်းဆုံ ထောင့်များနှင့် မြို့လယ်သံတံတားကြီးအနီးရှိဇီဝကဆေးခန်းရှေ့တို့တွင် ယာဉ်ကြောများ မကြာခဏပိတ်ဆို့နေခဲ့သဖြင့် ဒေသခံများ အခက်အခဲဖြစ်နေရကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံးမှသိရသည်။

"မြို့အတွင်း ယာဉ်ကြောပိတ်ဆို့မှုမဖြစ်ရအောင် ကန့်သတ်ချက်စည်းကမ်းတွေ ရှင်းပြထားပါတယ်။ မြစ်ကြီးနားဘက်မှ မိုးညှင်းမြို့သို့အဝင်ဆင်ရပ်ကြီးတည်ရှိရာကနေ မန္တလေးဘက်အထွက် စည်ပင်ပန်းခြံအထိ ခရီးသည်တင်ယာဉ်လိုင်းများ၏ကားများ ရပ်တန့်မှုမရှိစေဖို့ တာဝန်ရှိသူတွေကို ခေါ်ယူအသိပေးထားပါတယ်"ဟု ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန ခရိုင်မှူးဦးသက်ခိုင်ဝင်းကပြောသည်။

မိုးညှင်းမြို့မှ နယ်ဝေးသို့ပြေးဆွဲနေသော ရွှေကချင်၊ နန်းတော်ဝင်၊ ထွန်းညီဦး၊ ရွှေမိုးညှင်း အစရှိသည့် မော်တော်ယာဉ်လိုင်း ၁၉ ခု တို့ကို မြို့အတွင်း တစ်နာရီမိုင် ၃၀ နှုန်းဖြင့်သာ မောင်းနှင်ကြရန်နှင့် ဆီသယ်ဘောက်ဆာကားများ၊ မိုးညှင်းမြို့အတွင်းသို့ နေ့အချိန် လုံးဝဝင်ခွင့်မပြုဘဲ ညအချိန်မှသာ မိုးညှင်းမြို့နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့၏ ထောက်ခံလက်မှတ်ဖြင့် ခွင့်ပြုပေးမည်၊ ခရီးသည်တင်ယာဉ်လိုင်းများသည်နေ့အချိန်တွင် မြို့အတွင်းရှိ ကားလက်မှတ်အရောင်းဂိတ်များရှေ့ရှိ အများသုံးပြည်ထောင်စု လမ်းမကြီးပေါ်၌ လုံးဝမရပ်တန့်စေဘဲ မနက် ၁ နာရီမှ ၄နာရီအထိသာ ခွင့်ပြုပေးသွားမည်၊ ၁၃ တန်အထက်ရှိသော ကုန်တင်ယာဉ်များကို မိုးညှင်းမြို့အတွင်း လုံးဝမဝင်စေဘဲ ၁၃ တန်အောက်ရှိကုန်တင် ယာဉ်များကို မနက် ၈ နာရီမှ ၁၀နာရီအတွင်း၊ နေ့လည် ၁၂ နာရီမှ ၁ နာရီအတွင်း၊ ညနေ၃နာရီမှ၅နာရီအတွင်း ဝင်ခွင့်ပေးမည်မဟုတ်ကြောင်း မိုးညှင်းမြို့နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ သိရသည်။

ထွန်းထွန်း(မိုးညှင်း)

စာ - ၁၇ မှ »

သားခေတ်လိုနေတဲ့အတွက် အသားခေတ်ဖြစ်စေတဲ့ အသား၊ ငါးတွေကိုထောက်ပံ့တာတွေရှိတယ်။ ကျွန်မတို့ အဖွဲ့အစည်းနဲ့ ဆက်သွယ်ပြီးမှ လှူဒါန်းတာတွေ ကူညီလို့ရပါတယ်။ ကျွန်မတို့အဖွဲ့အစည်းက ရာခိုင်နှုန်းလည်းမနုတ်ဘူး၊ ကျွန်မတို့ ကိုယ်တိုင်က မိဘပြည်သူတွေပေးတဲ့အလှူငွေကို စစ်ရှောင်တွေကိုလှူဒါန်းပြီး ပေါင်းကူးတံတားလုပ်ပေးနေပါ။ အားလုံး ကူညီပေးစေလိုပါတယ်။ အများကြီးလှူမှ လှူတာမဟုတ်ပါဘူး။ ကိုယ်တတ်နိုင်သလောက် တစ်သောင်းဖြစ်ဖြစ် နှစ်သောင်းဖြစ်ဖြစ် ဆန်တစ်အိတ်၊ အကျီတစ်ထည်ဖြစ်ဖြစ် လှူဒါန်းနိုင်ပါတယ်။ ကျွန်မတို့ဆီကို လှူဒါန်းချင်ရင်တော့ Facebook စာမျက်နှာက Shingni N`bat မှာဖြစ်ဖြစ်၊ ၀၉၉၆၃၁၆၃၁၂၂ ကို ဆက်သွယ်ပြီး လှူဒါန်းနိုင်ပါတယ်လို့ပြောချင်ပါတယ်။

**အခုလို ဖြေကြားပေးတဲ့အတွက် မြစ်ကြီးနားသတင်းဂျာနယ် ကကျေးဇူးတင်ပါတယ်ခင်ဗျ။**

ကျွန်မကလည်း ကျေးဇူးတင်ပါတယ်။

# Myanmar Idol မှ မိုင်းမိုင်ဆိုင်းနှင့်အဖွဲ့က စစ်ရှောင်များအား ငွေကြေးလှူဒါန်း

ဇွန် ၁၉

Myanmar Idol Season 2 မှ မိုင်းမိုင်ဆိုင်းနှင့်သူငယ်ချင်းများအဖွဲ့က ကချင်ပြည်နယ်ရှိ စစ်ရှောင်ပြည်သူများအတွက်ကျပ်သိန်းနှစ်ဆယ်ကျော်လာရောက် လှူဒါန်းခဲ့ကြောင်း သိရသည်။

မိုင်းမိုင်ဆိုင်းမှ မတည်ငွေကျပ် ၁၀ သိန်းနှင့်အတူ Season Winner သားငယ်တို့ဇနီးမောင်နှံမှ နှစ်သိန်း၊ ဦးချစ်ကိုကို(ထားဝယ်)မှ ၅ သိန်း၊ ကိုဘဝသစ်မှ သုံးသိန်း၊ ကိုဆိုင်းအောင်လတ်၊ မမိုးမိုးအေး၊ မအေးမြင့်သူ(မုံရွာ)၊ ကိုနိုင်းထက်(Korea) တို့မှ တစ်သိန်းစီ၊ ကိုစိုင်း(ငွေကျိုင်းတုံ)မှ နှစ်သောင်းနှင့် ဖေ့စ်ဘုတ်မိတ်ဆွေတစ်ဦးမှ ငါးသောင်းတို့က လှူဒါန်းခဲ့ကြောင်း သိရသည်။

ရရှိသည့် အလှူငွေစုစုပေါင်း ၂၄ သိန်း ၇ သောင်းကို ကချင်ပြည်နယ်အတွင်း စစ်ရှောင်များအား ကူညီပေးနေသည့် Shingni Nbat ထံမှ တစ်ဆင့် လှူဒါန်းခဲ့ကြောင်း တေးသံရှင် မိုင်းမိုင်ဆိုင်းက ပြောသည်။

“တနိုင်းဘက်က ဖြစ်လာတော့ မိုင်းမိုင်တို့က ကိုယ်တိုင်လည်းမသွားနိုင်တော့ ၁၀ သိန်းကို မ'တည်လိုက်တာ တစ်ဆယ်လှူမယ်ဆိုရင်လည်း ရပါတယ်။ ဒါပေမယ့် တစ်ခုခုအဖတ်မတင်မှာစိုးလို့ မ'တည်ပြီး ဘယ်သူတွေလှူချင်သေးလဲဆိုပြီး Facebook ကနေ အလှူကောက်လိုက်တာ အဲဒီအချိန်မှာနောက်ထပ် ၁၄ သိန်းကျော်ပြန်ရခဲ့တယ်။ ကိုယ်တိုင်လည်းမသွားနိုင်တော့ Shingni Nbat ကနေတစ်ဆင့် လှူလိုက်တာပါ”ဟု မိုင်းမိုင်ဆိုင်းကပြောသည်။

အဆိုပါလှူဒါန်းငွေများကို Shingni Nbat အဖွဲ့က ယခုလအတွင်း တနိုင်းမြို့နယ်ရှိ စစ်ရှောင်စခန်းများသို့ သွားရောက်စဉ် စစ်ရှောင်ပြည်သူများအတွက် လှူဒါန်းခဲ့ကြောင်း Shingni Nbat အဖွဲ့ ဥက္ကဋ္ဌက ပြောသည်။

“မိုင်းမိုင်ဆိုင်းက ခင်မင်တော့အရင်ကလည်းစစ်ရှောင်တွေအတွက် ပါဝင်နေတယ်။ ဒီတစ်ခေါက်က သူ ၁၀ သိန်းကို မ'တည်ပြီးမှ ကျန်တဲ့သူနဲ့ခင်မင်တဲ့ သူငယ်ချင်းတွေက လူသားချင်းစာနာတဲ့အနေနဲ့ စစ်ရှောင်တွေအတွက် ပါဝင်ကူညီထားတဲ့ ငွေ ၂၄ သိန်း ၇ သောင်းကို ကျွန်မတို့ကိုပေးခဲ့တယ်။ ကျွန်မတို့ ဇွန်လက တနိုင်းဘက်သွားတော့အဲဒီမှာ လှူပေးခဲ့တယ်”ဟု Shingni Nbat အဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်ပရီက မြစ်ကြီးနားသတင်းဂျာနယ်သို့ပြောသည်။

မိုင်းမိုင်ဆိုင်းအနေဖြင့် စစ်ရှောင်ပြည်သူများအား တတ်နိုင်သည့်ဘက်မှ လှူဒါန်းမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ယခင်ကလည်း ဇီးလွန်ရပ်ကွက်ရှိ စစ်ရှောင်ပြည်သူများအတွက် သွပ်နှင့်စာရေးကိရိယာများ လှူဒါန်းခဲ့ဖူးကြောင်း သိရသည်။

Salai



# အောင်လအင်န်ဆန်နှင့် ဂျပန်နိုင်ငံသားတို့ ရန်ကုန်တွင် ထိုးသတ်မည်

ဇွန် ၁၉

ဇွန်လ ၂၉ ရက်နေ့တွင် ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ကျင်းပမည့် One Championship ပြိုင်ပွဲတွင် Middle Weight နဲ့ Light Heavy Weight ကမ္ဘာ့ချန်ပီယံ ကချင်တိုင်းရင်းသား အောင်လအင်န်ဆန်နှင့် ဂျပန်ကစားသမားကန်ဟက်ဆီဂါဝါတို့ ယှဉ်ပြိုင်ထိုးသတ်ကြမည် ဖြစ်သည်။

အဆိုပါပွဲစဉ်အတွက် အောင်လအင်န်ဆန်က “MMA လောကမှာ Light Havyweight ချန်ပီယံခါးပတ်ကို ရထားပြီးတဲ့နောက် အခုအချိန်ကတော့ ကျွန်တော့်အတွက် Middle Weight ကမ္ဘာ့ချန်ပီယံဆုကို ခုခံကာကွယ်ဖို့ အချိန်ဖြစ်ပါတယ်။ ဇွန်လ ၂၉ ရက်မှာကစားမယ့်ဒီပွဲအတွက် အကောင်းဆုံးအနေအထားမှာ ကစားနိုင်အောင် ကြိုးစားနေပါတယ်။ ဒီခရီးလမ်းတစ်လျှောက်မှာ ကျွန်တော်နဲ့အတူရှိသူများအားလုံးကို တကယ်ကျေးဇူးတင်ပါတယ်။ ရန်ကုန်မြို့ကြီးက ကြိုးဝိုင်းမှာ ကစားမယ့်ပွဲမှာ ပရိသတ်တွေနဲ့ပြန်ဆုံကြရအောင်”ဟု ၎င်း၏လူမှုကွန်ရက် စာမျက်နှာတွင် ဇွန်လ ၁၆ ရက်နေ့ကရေးသားဖော်ပြထားသည်။

ဇွန်လ ၂၉ ရက်နေ့တွင် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ကာကွယ်ပွဲကျင်းပမည့်အပြင်စက်တင်ဘာ ၁ ရက်နေ့တွင်လည်း “Pursuit of Greatness” အမည်ဖြင့် ရန်ကုန်မြို့တွင် ထပ်မံကျင်းပရန်အစီအစဉ်ရှိကြောင်းလည်း သိရသည်။

အောင်လအင်န်ဆန်သည် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကို ၂၀၁၇ ခုနှစ်ဇွန်လ ၃၀ ရက်က ရန်ကုန်မြို့၌ ကျင်းပခဲ့သည့် ပြိုင်ပွဲတွင် ရုရှားကစားသမား ဗစ်တာလီဘစ်ဒက်ရှ်ကို အမှတ်ဖြင့် အနိုင်ယူကာ ရရှိခဲ့ခြင်းဖြစ်ပြီး ဖေဖော်ဝါရီ ၂၃ ရက်နေ့က ဘရာဇီးလ်နိုင်ငံသားမာချာဒိုကို ပထမအချီတွင် Knock Out ထိုး အနိုင်ယူ၍ လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆု ရရှိခဲ့ခြင်းဖြစ်သည်။

ကြည့်ရှုမည့် ပရိသတ်များအနေဖြင့် One Championship မှပြုလုပ်မည့် ပွဲများအားလုံးကို One Championship Application ကို Download လုပ်ကာ ကြည့်ရှုနိုင်ပြီး အဆိုပါ App တွင် ပွဲစဉ်အားလုံးကို တိုက်ရိုက်ကြည့်ရှုနိုင်မည် ဖြစ်သည်။

Salai




သားသမီးတို့၏ ပညာရေးအတွက် မိဘများ၏ အကောင်းဆုံးရွေးချယ်ရာ နေရာ
ဆရာဦးဇင်မောင် B.Com(M.I.E), A.G.T.I (Civil) + ဒေါ်ခိုင်သူဇာဝင်း B.Com(M.I.E), (D.I.A, LCCI, UK) တည်ထောင်ဖွင့်လှစ်သင်ကြားပြီး
သရာကြီး ဦးလာရွယ် (ဒုတိယညွှန်ကြားရေးမှူး၊ ပြစ်ကြီးနားဒေဂ့ဝပညာရေးမှူး - ငြိမ်း) မှ ကျောင်းအုပ်ဆရာကြီးအဖြစ် တာဝန်ယူအုပ်ချုပ်သည်
ဝိဇ္ဇာတွဲ လက်ခံသင်ကြားပေးပါသည်။
SHWE YAR PYAE PRIVATE SCHOOL MYITKYINA
ရွှေရာပြည့်
ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အထူးအဆင့်မြင့် ဘော်ဒါ (မြစ်ကြီးနား)
၅တန်း မှ တက္ကသိုလ်ဝင်တန်း အထိလက်ခံသင်ကြားပါသည်။
(၁၀)တန်း Day Special တန်းခွဲသစ်
သင်တန်းကြေး ၁ နှစ်ပတ်လုံး - (၄) သိန်း
တရင်းလက်ခံပြီ။
“၁၂.၆.၂၀၁၈ တွင် စတင်ဖွင့်လှစ်သင်ကြားမည်”
“ဆက်သွယ်စုံစမ်းအပ်နှံရန်”
ဆရာဦးဇင်မောင် (Eco)
ရွှေရာပြည့် ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အထူးအဆင့်မြင့်ဘော်ဒါ
အမှတ်(၁၁၃)၊ ရန်ကြီးအောင်ရပ်ကွက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးအနီး၊ မြစ်ကြီးနားမြို့၊
၀၉-၂၄၀၂၆၆၇၊ ၀၉-၇၉၂၉၀၀၅၅၆၊ ၀၉-၇၇၇၇၉၂၈၈၂၊ ၀၉-၇၈၃၈၈၁၉၂၉
လဲကျရင် ပြန်ထမယ်ဆိုတဲ့ စိတ်လေးတစ်ခုပဲ မင်းတို့ရင်ထဲမှာ အမြစ်တွယ်နေဖို့ လိုတာပါ။

# Mister & Miss Global Youth Ambassador 2018 Myitkyina ဆုရှင်များ ပေါ်ထွက်လာ





မြစ်ကြီးနား၊ ဇွန် ၁၇

ပထမဆုံးအကြိမ်အဖြစ် မြစ်ကြီးနားမြို့ ရွှေတောင်ဂါးဒင်းခန်းမတွင် ဇွန်လ ၁၇ ရက်နေ့ညကကျင်းပခဲ့သော Mister & Miss Global Youth Ambassador 2018 Myitkyina City Winner ရွေးချယ်ပွဲတွင် ကိုဖုန်ဆားရ်အောင်နှင့် မဇပရယ်ဆိုင်းလုတို့က Winner ဆုများ ဆွတ်ခူးရရှိခဲ့ကြသည်။

ထိုပြိုင်ပွဲတွင် Mister ခုနှစ်ဦးနှင့် Miss ငါးဦးတို့ ယှဉ်ပြိုင်ခဲ့ကြရာတွင် မြစ်ကြီးနားဝင်းနားဆုကို ဖုန်ဆားရ်အောင်နှင့် အလှမယ် ဇပရယ်ဆိုင်းလုတို့က ရရှိခဲ့ခြင်းဖြစ်သည်။

"ဒီပွဲမှာ ဆုရတဲ့အတွက်လည်း ဝမ်းသာပါတယ်။ ဆက်ပြိုင်ရမယ့်ပြိုင်ပွဲတွေအတွက်လည်း အများကြီးကြိုးစားဖို့ လိုအပ်ပါသေးတယ်။ ထပ်ပြီးမှလည်း ဒီထက်မက အများကြီးကြိုးစားသွားပါ့မယ်။ ဆက်ပြီးအား ပေးကြပါဦး" ဟု Myitkyina City winner ဆုရှင် ဖုန်ဆားရ်အောင်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

အဆိုပါပြိုင်ပွဲမှ ဆုရသည့်အတွက်လည်း ဝမ်းသာဂုဏ်ယူကြောင်းနှင့် ပြည်နယ်ဂုဏ်ဆောင်နိုင်သည့် Mister ကောင်းတစ်ဦးဖြစ်ရန် ကြိုးစားသွားမည်ဟုလည်း ၎င်းကဆိုသည်။

အလှမယ်ဇပရယ်ဆိုင်းလုကလည်း ရှေ့ဆက်ပြီး မိမိဝါသနာပါရာ အနုပညာအလုပ်များကို လုပ်ဆောင်သွားမည် ဖြစ်ကြောင်းပြောသည်။


"ဝါသနာပါလို့ ယှဉ်ပြိုင်ခဲ့တယ်။ ဒီပွဲမှာ ဆုရတဲ့အတွက်လည်း အံ့ဩမိပါတယ်။ ဒီမှာရပ်မနေဘဲ ဆက်ပြီးအစွမ်းကုန် ကြိုးစားသွားမှာပါ။ ဆက်ပြိုင်တဲ့အခါမှာလည်း အစွမ်းကုန်ကြိုးစားသွားမှာဖြစ်လို့ ဆက်ပြီးအားပေးပေးကြပါ"ဟု အလှမယ်ဇပရယ်ဆိုင်းလုက ပြောသည်။

ထိုပြိုင်ပွဲတွင် Gold Sponsor အဖြစ် Hiro ဒီဇိုင်နာနှင့် မိတ်ကပ်ပညာရှင် AH li တို့က တာဝန်ယူဆောင်ရွက်ခဲ့ပြီး၊ အမှတ်ပေးဒိုင်လူကြီးများအဖြစ် ဝါရင့်ကချင်အနုပညာရှင် မင်းသမီးကြီး အယ်လ်ဂျာတောင်၊ ဒီဇိုင်နာအောင်ဇာနည်ဟိန်း၊ Miss Eco ဖားကန့်ဝင်းနားဆုရှင်နန်ဆိုင်း၊ မိတ်ကပ်အားလီ၊ ဒီဇိုင်နာ Hiro၊ နေရှင်နယ်ဒါရိုက်တာ ကောင်းခန့်၊ နေရှင်နယ်ဒါရိုက်တာ ဖြိုးပြည့်လျှံတို့က ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

ပြိုင်ပွဲမှဆုရှင်များသည် လာမည့်ဇူလိုင်လ ၂၈ ရက်တွင် မန္တလေးမြို့၌ ဆက်လက်ကျင်းပမည်ဖြစ်သော Grand Final ပွဲများကို သွားရောက်ယှဉ်ပြိုင်ရမည် ဖြစ်သည်။

ဆိုင်း (ကချင်မြေ)

# လူမှုကွန်ယက်ပေါ်က နိုင်ငံကျော် ကချင်မော်ဒယ်နှစ်ဦး




Model အောန်ဆိုင်း ဓါတ်ပုံ - အောန်ဆိုင်း (Facebook)



Model လုလုအောင် ဓါတ်ပုံ - လုလုအောင် (Facebook)

ဒီတစ်ပတ်မြစ်ကြီးနားသတင်းဂျာနယ်ကကချင်ပြည်နယ်ကအနုပညာရှင်တွေဖြစ်တဲ့ မော်ဒယ်အောန်ဆိုင်းနှင့် မော်ဒယ်လုလုအောင်တို့ရဲ့ Facebook စာမျက်နှာမှာ ဘာတွေတင်ဆက်ခဲ့ကြတယ် ဆိုတာကို ဖော်ပြပေးလိုက်ပါတယ်။

လူမှုကွန်ရက် စာမျက်နှာမှတစ်ဆင့် နာမည်ကျော်ကြားလာခဲ့တဲ့ မော်ဒယ်လ်လုလုအောင်က သူမရဲ့ဖေ့စ်ဘုတ် စာမျက်နှာမှာ သူ့ရဲ့ပရိသတွေ အကြိုက်တွေ့စေမယ့် ဓာတ်ပုံလေးပုံ တင်ခဲ့ပါတယ်။

ခေါင်းစဉ်မှာ **"ခေးကြီးလုစ် နည်းနည်းဆိုးပျဇီနော် ခစ်ခစ်"**လို့ ရေးသားပြီး တင်ခဲ့ပါတယ်။ သူ့ပရိသတ်တွေကတော့ Comment မှာ **"ခေးရီးရယ် ဘမာပြည်မာတိုးတိုးလာတာဆိုလို့ ကုန်စျေးနှုန်းရယ် အခွန်ရယ် ခေးရီးကိုချစ်တဲ့ ကို့အချစ်တွေရယ်ပဲ ရှိပါတယ်ကွာ" "နိုင်ငံတော်သမ္မတရာထူးယူမလားနဲ့ ခလိန်းကြီးလုစ်ရဲ့ အိမ်ရှင်လုပ်မလားမေးလာရင် သမ္မတမလုပ်ပျဇေနဲ့"**လို့ အချို့က ရေးသားထားတာတွေ ရှိခဲ့ပါတယ်။

မော်ဒယ်လ် အောန်ဆိုင်းကတော့ အခုပုံကိုတင်ထားပြီး သူ့ပရိသတ်အတွက် ပျော်စရာအစီအစဉ်လေး တစ်ခုပြုလုပ်ခဲ့ပါတယ်။

အောန်ဆိုင်းရဲ့ ဒီပုံလေးအတွက် Caption (ဓာတ်ပုံ၏အဓိပ္ပါယ်) စဉ်းစားပေးရန်နဲ့ Caption ကို Comment အောက်မှရေးသားပေးဖို့ တောင်းဆိုခဲ့ပါတယ်။ သူမရဲ့အကြိုက်ဆုံးပုံနဲ့ အလိုက်ဖက်ဆုံးစာသားကို ရေးသားနိုင်တဲ့သူ ၅ ဦးကို NESTLE BEAR BRAND GOLD Gift Set လေးတွေ လက်ဆောင်ပေးသွားမယ်၊ ဇွန် လ ၂၈ ရက်နေ့မှာ ရေးသားသူရဲ့ Comment အောက်မှာ Reply လုပ်ပြီးအသိပေးသွားမယ်လို့လည်း အောန်ဆိုင်းက ရေးသားထားပါတယ်။

အောန်ဆိုင်းရဲ့ ဓာတ်ပုံအောက်က ကောမန့်တွေမှာတော့ သူ့ပရိသတ်တွေက **"မင်းမုန်းသွားလည်း အေးဆေးလေးပဲ လေချွန်နေမယ်" "နေ့စဉ်ကျန်းမာလှပဖို့ မျက်မှန်တပ်ပြီးပဲထုတ်ကြပါစို့" "မင်းအတွက် အကြည့်တစ်ချက် အနမ်းတစ်ကွက် Nestle Bear တစ်ခွက်"** စသဖြင့် Comment မှာ ရေးသားခဲ့ကြပါတယ်။

